# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# (၁၈) ရက်မြောက်နေ့ မှတ်တမ်း



| .စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း | ၃ |
| ၅ | ကျောင်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် မြို့နယ်မှူးရုံးအပါအဝင် ရဲစခန်းများ၊ ရဲကင်းများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | မြန်မာနိုင်ငံရဲတပ်ဖွဲ့က တရားရုံးများသို့ တရားစွဲဆိုတင်ပို့သည့်အမှုများတွင် အထက်အဆင့်ဆင့်က ကြပ်မတ်ပေးရန်နှင့် ခေတ်နှင့်လျော်ညီသည့် သမ္မန်စာဆင့်ဆိုနည်းကို သုတေသနပြုရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း | ၇ |
| ၇ | ဗဟန်းမြို့နယ်ရှိ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် အမျိုးအစား (၇)မျိုးခွဲခြား၍ တိုကင်စနစ်ဖြင့် ဆောင်ရွက်ပေးရန်၊ လာရောက် ဆောင်ရွက်သူများအား မှတ်ပုံတင် မူရင်း၊ အိမ်ထောင်စုဇယား မှန်ကန်ပါက ရုံးတွင်း ဝင်ရောက်ဆောင်ရွက်ရာတွင် နေရာအခက်အခဲမရှိဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၈ | မိုးညှင်းမြို့နယ်တွင် လိုအပ်လျက်ရှိသော မက်သဒုန်းတိုက်ကျွေးရေးဌာနကို တိုးချဲ့ဖွင့်လှစ်ပေးရန်နှင့် ပြန်လည်ထူထောင်ရေးစခန်းဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၉ | ညောင်လေးပင်မြို့နယ်တွင် မီးသတ်တပ်ဖွဲ့စခန်း(ခွဲ)တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၉ |
| ၁၀ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက် ဖြင့်အတည်ပြု၍ပေးပို့လာသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ | ၂၂ |

အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း
၁၁ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈)ရက် ၃၃
မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၉)ရက်မြောက်နေ့ ဆက်လက်
ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

# (၁၈)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၅–၂–၂၀၁၈ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **ကျောင်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် မြို့နယ်မှူးရုံးအပါအဝင် ရဲစခန်းများ၊ ရဲကင်းများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဘိုကြီး၊ ချောက် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က တရားရုံးများသို့ တရားစွဲဆိုတင်ပို့သည့် အမှုများတွင် အထက်အဆင့်ဆင့်က ကြပ်မတ်ပေးရန်နှင့် ခေတ်နှင့်လျော်ညီသည့် သမ္မန်စာဆင့်ဆိုနည်းကို သုတေသနပြုရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်မြင့်မြင့်စိုး (ခ) ဒေါ်မေစိုး၊ ဗိုလ်တထောင် မဲဆန္ဒနယ်၏ **ဗဟန်းမြို့နယ်ရှိ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် အမျိုးအစား(၇)မျိုး**

**ခွဲခြား၍ တိုကင်စနစ်ဖြင့် ဆောင်ရွက်ပေးရန်၊ လာရောက်ဆောင်ရွက်သူများအား မှတ်ပုံတင်မှုရင်း၊ အိမ်ထောင်စုဇယား မှန်ကန်ပါက ရုံးတွင်းဝင်ရောက်ဆောင်ရွက်ရာတွင် နေရာအခက်အခဲမရှိ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၏ **ညောင်လေးပင်မြို့ကို ခရိုင်အဆင့်တိုးမြှင့်ရန်နှင့် ဖယ်ဒရယ်စနစ်အား ဖွဲ့စည်းပုံ ပြင်ဆင်ရေးဆွဲခဲ့လျှင် ညောင်လေးပင်မြို့ကို ခရိုင်အဆင့် ထည့်သွင်းရေးဆွဲရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်စန်းစန်းအိ၊ မိုးညှင်း မဲဆန္ဒနယ်၏ **မိုးညှင်းမြို့နယ်တွင် လိုအပ်လျက်ရှိသော မက်သဒုန်းတိုက်ကျွေးရေးဌာနကို တိုးချဲ့ဖွင့်လှစ်ပေးရန်နှင့် ပြန်လည်ထူထောင်ရေးစခန်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာဦးမြင့်သိန်း၊ ညောင်လေးပင် မဲဆန္ဒနယ်၏ **ညောင်လေးပင်မြို့နယ်တွင် မီးသတ်တပ်ဖွဲ့စခန်း(ခွဲ) တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
## (၁၈)ရက်မြောက်နေ့မှတ်တမ်း

### ၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
### (၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)
### (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၈)ရက်မြောက်နေ့အစီအစဉ်စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

### ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၈၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၃၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၈)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန် ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၃ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၇ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၂ ရက်၊
(၂) မတ္တရာမဲဆန္ဒနယ်မှ ဦးဇော်မင်းလွင် ခွင့် ၁ ရက်၊
(၃) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းဝင်း ခွင့် ၁ ရက်၊
(၄) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၁ ရက်၊
(၅) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း ခွင့် ၁ ရက်၊
(၆) ဖေယျာသီရိမဲဆန္ဒနယ်မှ ဦးလှရွှေဝင်း ခွင့် ၁ ရက်၊
(၇) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၂ ရက်၊
(၈) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၂ ရက်၊
(၉) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၂ ရက်၊
(၁၀) ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၂ ရက်၊
(၁၁) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၂ ရက်၊
(၁၂) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၂ ရက်၊
(၁၃) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊
(၁၄) ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း(ခ)ဦးအာလူး ခွင့် ၁ ရက်၊
(၁၅) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊
(၁၆) အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် ခွင့် ၁ ရက်၊
(၁၇) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းရွှေလင်း ခွင့် ၁ ရက်၊
(၁၈) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၇ ရက်၊

(၁၉) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊

(၂၀) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ခွင့် ၂ ရက်၊

(၂၁) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၁ ရက်၊

(၂၂) ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဗဲလ်(ခ)ဦးဆလိုင်းရန်းဗယ် ခွင့် ၂ ရက်နှင့်

(၂၃) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၃ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၃ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၆ ဦးရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

## ကျောင်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် မြို့နယ်မှူးရုံးအပါအဝင် ရဲစခန်းများ၊ ရဲကင်းများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျောင်းကုန်းမြို့နယ်မှာရှိတဲ့ မြန်မာ

နိုင်ငံရဲတပ်ဖွဲ့မှာ မြို့နယ်မှူးရုံးအပါအဝင် ရဲစခန်းများ၊ ရဲကင်းများအား အဆောက်အဦများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ မြို့နယ်မှူးရုံး၊ ကျောင်းကုန်းမြို့မစခန်း၊ ဒေါင့်ကြီးနယ်မြေစခန်း၊ လှည်းဆိပ်ရဲကင်း၊ မင်းမနိုင်ရဲကင်းများရှိ အဆောက်အဦများဟာ ဥပမိရုပ်မကောင်းခြင်း၊ လုံခြုံရေးအရမကောင်းခြင်း၊ အန္တရာယ်ရှိအဆောင်များအဖြစ် စိုးရိမ်ရတဲ့အခြေအနေများအဖြစ် တည်ရှိနေပါတယ်။ မြို့မရဲစခန်းမှလွဲ၍ ကျန်အဆောက်အဦများဟာ ကိုယ့်အားကိုယ်ကိုးအဆောက်အဦများနဲ့ဆောက်လုပ်နေထိုင်ကြရပါတယ်။ မြို့မရဲစခန်းရဲ့အဆောက်အဦမှာလည်း ၁၉၁၅ ခုနှစ်ကတည်းက အဆောက်အဦများဖြစ်ပြီးတော့ နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိနေပြီဖြစ်တဲ့အတွက်ကြောင့် ဟောင်းနွမ်းပျက်စီးကာ မဖြစ်မနေသာနေထိုင်ရခြင်းဖြစ်ပါတယ်။ လက်ရှိဝန်ထမ်းအင်အားစာရင်းမှာ စုစုပေါင်း ၈၅ ဦးရှိပြီး လက်ရှိစီစဉ်ပေးနိုင်တဲ့ နေရာထိုင်ခင်းပေးနိုင်တဲ့အင်အားမှာ ၅၃ ဦးဖြစ်ပြီးတော့ လိုအပ်လျက်ရှိတဲ့ နေရာ ထိုင်ခင်းက ၃၂ ဦးအတွက်လိုအပ်လျက်ရှိပါတယ်။ သို့ပါ၍ ကျောင်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ မြို့နယ်မှူးရုံးအပါအဝင် ရဲစခန်းများ၊ ရဲကင်းအဆောက်အဦများဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်မှာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်း၊ ဒေါင့်ကြီးနယ်မြေရဲစခန်း၊ လှည်းဆိပ်ရဲကင်းစခန်းနှင့် မင်းမနိုင်ရဲကင်းစခန်းတို့ ရှိပါတယ်။ ကျောင်းကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းဟာ ကျောင်းကုန်းမြို့၊ အမှတ်(၂)ရပ်ကွက်ရှိ မြေဧရိယာ ၅.၁၀၁ ဧကပေါ်မှာ တစ်ဆက်တစ်စပ်တည်းတည်ရှိပါတယ်။ ကျောင်းကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် အရာရှိလေးဦး၊ အခြားအဆင့် ၁၁ ဦး ပေါင်း ၁၅ ဦး၊ မြို့မစခန်းမှာတော့ အရာရှိကိုးဦး၊ အခြားအဆင့် ၂၇ ဦး ပေါင်း ၃၆ ဦးနဲ့ လုပ်ငန်းတာဝန်များထမ်းဆောင်လျက်ရှိပါတယ်။ ကျောင်းကုန်းမြို့မရဲစခန်းဝင်းအတွင်းမှာ ရုံးအဆောက်အဦသုံးလုံး၊ လူနေအဆောက်အဦ ၂၃ လုံးရှိပြီး အခန်းပေါင်း ၃၅ ခန်းရှိတဲ့အနက် လုံးချင်းတစ်ထပ်နှစ်လုံးနှင့် နှစ်ခန်းတွဲတစ်လုံးတို့ဟာ ပြုပြင်သုံးစွဲ၍ မရသော အဆောက်အဦများဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မ

ရဲစခန်းမှာရှိတဲ့ အိမ်ထောင်သည် ၃၄ ဦးရှိတဲ့အနက် ၂၈ ဦးကတော့ လိုင်းခန်းများမှာနေထိုင်ပြီး ခြောက်ဦးမှာ ဒေသခံများဖြစ်တဲ့အတွက် ပြင်ပမှာနေထိုင်နေရပါတယ်။ လူပျို ၁၇ ဦးရှိတဲ့အနက် ခြောက်ဦးဟာ လိုင်းခန်းမှာနေပြီး ကျန် ၁၁ ဦးဟာ ဒေသခံများဖြစ်တဲ့အတွက် ပြင်ပတွင်နေထိုင်လျက် ရှိပါကြောင်း တွေ့ရှိရပါတယ်။

ဒေါင့်ကြီးနယ်မြေရဲစခန်းမှာတော့ အရာရှိသုံးဦး၊ အခြားအဆင့်ကိုးဦး ပေါင်း ၁၂ ဦးနဲ့ လုပ်ငန်း တာဝန်များဆောင်ရွက်လျက်ရှိပြီး ရဲစခန်းအတွင်းမှာ အဆောက်အဦနှစ်လုံးနဲ့ လူနေအဆောက်အဦ ငါးလုံး၊ အခန်းပေါင်းကိုးခန်းရှိပါတယ်။ ဒေါင့်ကြီးနယ်မြေရဲစခန်းမှာ အိမ်ထောင်သည် ၁၂ ဦးရှိတဲ့ အနက် ကိုးဦးကတော့ လိုင်းခန်းများမှာနေထိုင်ပြီး သုံးဦးကတော့ ဒေသခံများဖြစ်တဲ့အတွက် ပြင်ပမှာ နေထိုင်ရလျက်ရှိပါတယ်။ လှည်းဆိပ်ရဲကင်းစခန်းမှာတော့ အရာရှိတစ်ဦး၊ အခြားအဆင့် ခုနစ်ဦး ပေါင်း ရှစ်ဦးနဲ့ တာဝန်များထမ်းဆောင်လျက်ရှိကြပါတယ်။ ရဲစခန်းအတွင်းမှာတော့ ရုံးအဆောက်အဦ တစ်လုံး၊ လူနေအဆောက်အဦသုံးလုံးရှိတဲ့အနက် အဆောက်အဦတစ်လုံးမှာ ပြုပြင်သုံးစွဲ၍မရတော့ တဲ့အဆောက်အဦဖြစ်ပါတယ်။ လှည်းဆိပ်ရဲစခန်းမှာရှိတဲ့အိမ်ထောင်သည် ငါးဦးနဲ့ လုံးချင်းနှစ်လုံးမှာ နှစ်ဦးသာနေထိုင်နိုင်ပြီး ကျန်သုံးဦးဟာ ဒေသခံများဖြစ်တဲ့အတွက် ပြင်ပမှာနေထိုင်ရပါတယ်။ လူပျို ရဲတပ်ဖွဲ့ဝင်သုံးဦးကတော့ ရဲစခန်းရုံးဟာ နေထိုင်လျက်ရှိကြောင်း သိရပါတယ်။ မင်းမနိုင်ရဲကင်းစခန်း မှာတော့ အရာရှိတစ်ဦး၊ အခြားအဆင့်ကိုးဦး ပေါင်း ၁၀ ဦးနဲ့လုပ်ငန်းတာဝန်များဆောင်ရွက်လျက်ရှိပြီး မင်းမနိုင်ရဲကင်းစခန်းမှာ ရုံးအဆောက်အဦများမှာ စခန်းရုံး၊ အချုပ်ခန်းများအပါအဝင် တစ်ထပ် တစ်လုံးရှိပြီး ဝန်ထမ်းအိမ်ရာအဆောက်အဦတွေကတော့ လုံးချင်းတစ်ထပ်လေးလုံးရှိပါတယ်။ အိမ်ထောင်သည် ခုနစ်ဦးရှိတဲ့အတွက် လေးဦးဟာ တစ်ထပ်လေးလုံးမှာနေထိုင်ပြီး သုံးဦးကတော့ ဒေသခံများဖြစ်တဲ့အတွက် ပြင်ပမှာနေထိုင်ပြီး လူပျိုတပ်ဖွဲ့ဝင်သုံးဦးကတော့ ရဲစခန်းမှာနေထိုင်ရလျက် ရှိပါတယ်။

သို့ပါ၍ ကျောင်းကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနဲ့ မြို့မရဲစခန်းတွေရဲ့ အဆောက်အဦတွေဟာ ပြုပြင်နေထိုင်ရတဲ့အခြေအနေဟာ ခက်ခဲလာပြီမို့လို့ မြို့မရဲစခန်းအတွက် လေးခန်းတွဲနှစ်ထပ်တစ်လုံး၊ လှည်းဆိပ်ရဲကင်းစခန်းအတွက် လေးခန်းတွဲနှစ်ထပ်တစ်လုံး၊ ဒေါင့်ကြီးနယ်မြေရဲစခန်းအတွက် ခြောက်ခန်းတွဲနှစ်ထပ်တစ်လုံး၊ မင်းမနိုင်ရဲကင်းစခန်းအတွက် ခြောက်ခန်းတွဲနှစ်ထပ်တစ်လုံးတို့ကို ဆောက်လုပ်ပေးနိုင်ဖို့အတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ ကာလဖြစ်သော ဘဏ္ဍာရေးနှစ်အတွင်းမှာ ငွေလုံးငွေရင်း(မူလ)အသုံးစရိတ်ရန်ပုံငွေမှာ ထည့်သွင်း တောင်းခံသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။ ဦးဘိုကြီး ခဏနေဦး။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ အခုလိုပဲ ကျွန်တော်တို့ ဝန်ကြီးဖြေပေးတဲ့ အတွက်ကြောင့် အားလုံးကျေးဇူးတင်ပါတယ်။ တစ်ဆက်တစ်စပ်တည်းမေးလိုတာကတော့ ကျွန်တော်တို့ ကျောင်းကုန်းမြို့နယ်ဟာ ရန်ကုန်-ပုသိမ်လမ်းမကြီး မိုင်ပေါင်း ၁၁၅ မိုင်မှာ မိုင် ၃၀ လောက်ပါဝင်နေတဲ့အတွက်ကြောင့် တကယ်တမ်းယာဉ်တိုက်မှုတွေကအစ များပြားပါတယ်။ များပြား တဲ့အခါကျတော့ ကျွန်တော် နှစ်ခု ဆက်စပ်ပြီးတော့ တင်ပြလိုပါတယ်။ ပထမတစ်ချက်ကတော့

ရဲ၀န်ထမ်းအင်အားက နည်းတဲ့အတွက်ကြောင့် တကယ်လို့များ ဖွဲ့စည်းပုံအရ တိုးမြှင့်ပြီးတော့ ပေးလို့ ရနိုင်/မရနိုင်လေးလည်း သိချင်ပါတယ်။ ရဲအင်အားအပြည့်အ၀ လိုချင်ပါတယ်။ နောက် ဒုတိယ တစ်ချက်ကတော့ လှည်းဆိပ်ရဲကင်းနှင့် မင်းမနိုင်ရဲကင်းကလည်း နှစ်ပေါင်းမြောက်မြားစွာကတည်းက ရှိပြီးဖြစ်တဲ့အတွက်ကြောင့် တကယ်လို့များ သူတို့ကိုလည်း ဒီရဲကင်းနှစ်ခုကိုလည်း ရဲစခန်းများအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိလည်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယ၀န်ကြီး၊ ပြည်ထဲရေး၀န်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်းကို ကျွန်တော် ဖြေကြားပါ့မယ်။ ကျွန်တော်တို့ ပထမအင်အားဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ဖွဲ့စည်းပုံကို နောက်ဆုံး အတည်ပြုပြင်ဆင်ထားတဲ့အခါမှာ ၁၆၀၀၀၀ ကျော်ရှိပါတယ်။ ကျွန်တော် ဒီအင်အားကိစ္စလေး စာရင်းအသေးစိတ်တော့ ကျွန်တော် မပါခဲ့လို့ပါ။ လက်ရှိမှာ အင်အား ၈၀၀၀၀ ကျော်ရှိတဲ့အတွက် အင်အားရဲ့ ၅၀ ရာခိုင်နှုန်းကျော်ပဲ ကျွန်တော်တို့မှာရှိပါတယ်။ ဒီရှိတဲ့အင်အား ၅၀ ရာခိုင်နှုန်းကို ကျွန်တော်တို့က သက်ဆိုင်ရာမြို့နယ်တွေအားလုံးကို နယ်မြေဒေသရဲ့အခြေအနေအပေါ်မူတည်ပြီး အင်အားတွေ ဖြည့်တင်းနေရာချထားပေးလျက်ရှိပါတယ်။ ဦးစားပေးအနေနဲ့ကတော့ ရန်ကုန် တိုင်းဒေသကြီးကတော့ မြန်မာနိုင်ငံလူဦးရေရဲ့ ၁၂ ရာခိုင်နှုန်းလောက်က ရန်ကုန်မှာရှိတဲ့အတွက် ရန်ကုန်တိုင်းဒေသကြီးကို ကျွန်တော်တို့က ဖွဲ့စည်းပုံရာခိုင်နှုန်းရဲ့ ၈၀ ရာခိုင်နှုန်းလောက်ပဲ ကျွန်တော်တို့ ပေးနိုင်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးတောင် ကျွန်တော်တို့ ၁၀၀ ရာခိုင်နှုန်းပြည့် အောင် မပေးနိုင်သေးပါဘူး။ ဒါကြောင့်လည်း ကျွန်တော်တို့က အင်အားတွေကို တိုးမြှင့်စုဆောင်းနိုင်ဖို့ နဲ့ လေ့ကျင့်မှုအရေအတွက်ပဲကိုပဲ တိုးမြှင့်နိုင်ဖို့အတွက် ပြီးခဲ့တဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာပဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရဲ့ အထူးရန်ပုံငွေကနေပြီး ဒီလေ့ကျင့်ရေးကျောင်းတွေ ကို တိုးမြှင့်ပြီးတော့ ဖွင့်လှစ်နိုင်ဖို့အတွက်နဲ့ တစ်နှစ်၊ တစ်နှစ်ကို လေ့ကျင့်ရေးကနေပြီး မွေးထုတ်ပေး နိုင်တဲ့ ရဲတပ်သားသစ်တွေနဲ့ ရဲအရာရှိအင်အားတွေကို တိုးမြှင့်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့ စီမံချက်တွေနဲ့ အလေးထားပြီးဆောင်ရွက်လျက်ရှိပါတယ်။ ဒါတောင် အင်အားရရှိမှုအပေါ်မှာမူတည် ပြီးတော့ ကျွန်တော်တို့ ရဲတပ်ဖွဲ့စခန်းတွေကို အင်အားတွေဖြည့်တင်းပေးလျက်ရှိပါတယ်။ ဒါ့အပြင် နယ်မြေဒေသလိုအပ်ချက်အရ ဝေးလံတယ်။ မှုခင်းဖြစ်ပွားမှုများတယ်။ ရာဇ၀တ်မှုဖြစ်ပွားမှုများတဲ့ ဒေသတွေကိုလည်း ကျွန်တော်တို့ သီးခြားသုံးသပ်ပြီးတော့ ဖွဲ့စည်းပုံမပြည့်မီသော်လည်းပဲ သာမန် နယ်မြေဒေသတွေထက် ကျွန်တော်တို့ အင်အားတွေလည်း တိုးမြှင့်ချထားပေးလျက်ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တစ်နိုင်ငံလုံးရှိတဲ့မြို့နယ်တွေမှာ ရဲတပ်ဖွဲ့အင်အားကို ရာခိုင်နှုန်းပြည့် မချထား ပေးနိုင်ပေမဲ့လည်း နယ်မြေဒေသရဲ့မှုခင်းဖြစ်ပွားမှုနှင့် လိုအပ်ချက်အပေါ်မူတည်ပြီး ကျွန်တော်တို့ သုံးသပ်ဖြည့်ဆည်းလျက်ရှိပါတယ်။ ဒါကြောင့် ဒီကျောင်းကုန်းမြို့နယ်နဲ့ပတ်သက်လို့လည်း လက်ရှိ ချထားပေးတဲ့အင်အားကတော့ နယ်မြေဒေသရဲ့အခြေအနေနဲ့ မှုခင်းဖြစ်ပွားမှုအခြေအနေအပေါ် မူတည်ပြီး ကျွန်တော်တို့ သုံးသပ်ပြီးတော့ ဖြည့်တင်းထားပေးခြင်းဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ဦးစွာ

တင်ပြလိုပါတယ်။ နောက် လှည်းဆိပ်ရဲကင်းနဲ့ မင်းမနိုင်ရဲခင်းကို စခန်းအဖြစ်တိုးမြှင့်ဖို့ကတော့ ကျွန်တော်တို့ ပြန်လည်လေ့လာသုံးသပ်ပြီးတော့ စခန်းအဖြစ် တိုးမြှင့်သင့်တယ်ဆိုရင်တော့ ဖွဲ့စည်းပုံရရှိရေး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်းနဲ့ သုံးသပ်တွေ့ရှိချက်ကိုလည်း လွှတ်တော်ကို စာနဲ့ ပြန်လည်ဖြေကြားပေးမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့က တရားရုံးများသို့ တရားစွဲဆိုတင်ပို့သည့်အမှုများတွင် အထက်အဆင့်ဆင့်က ကြပ်မတ်ပေးရန်နှင့် ခေတ်နှင့်လျော်ညီသည့် သမ္မန်စာဆင့်ဆိုနည်းကို သုတေသနပြုရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဘိုကြီး(ချောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီးဖြစ်ပါတယ်။ တရားရုံးများတွင် ရာဇဝတ်မှုများကြန့်ကြာရသည့် အကြောင်းအရင်းတစ်ခုအကြောင်း မေးမြန်းသွားမှာဖြစ်ပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်တောင့်တင်းခိုင်မာရန် တရားသူကြီးများတွင် အဓိကတာဝန်ရှိသော်လည်း ဆက်စပ်အဖွဲ့အစည်းဖြစ်တဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါတယ်။ ရာဇဝတ်မှုများတွင် ရဲတပ်ဖွဲ့ဝင်များအပါအဝင် တရားလိုနဲ့ တရားလိုပြ သက်သေများက သက်သေခံမလာရောက်ခြင်းကြောင့် အမှုများ ကြန့်ကြာခြင်းသည် မှန်မှန်နှင့် မြန်မြန်ဆန်ဆန် တရားစီရင်ရေးကို ထိခိုက်စေနိုင်ပြီး အမှုသည်များတွင် အချိန်ကုန်လူပင်ပန်းကာ တရားစီရင်ရေးမဏ္ဍိုင်ကို ပြည်သူအများ ယုံကြည်ကိုးစားမှု ကျဆင်းလာစေနိုင်ပါတယ်။ ရဲလက်စွဲအပိုဒ် ၁၀၄၁ အပိုဒ်ခွဲ(ဃ)နှင့် ၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေ ပုဒ်မ ၁၈ တို့အရ တရားရုံးမှချအပ်သည့် လူဖမ်းဝရမ်းများ ၊ သမ္မန်စာများနှင့် Notice စာများ အတည်ပြုရန်မှာ ရဲတပ်ဖွဲ့ဝင်များ၏ အဓိကတာဝန်များဖြစ်ပြီး ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၆၈ မှ ၇၁ အထိနှင့် ရဲလက်စွဲအပိုဒ် ၁၀၅၂ အပိုဒ်ခွဲ(ခ)တွင် သမ္မန်စာချအပ်သည့် နည်းလမ်းများကို ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ရဲတပ်ဖွဲ့ဝင်များသည် အချိန်မီ သမ္မန်စာချအပ်ပြီး ရုံးချိန်းရက်မတိုင်မီ ပြန်လည်ပေးပို့ရမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေတွင် သမ္မန်စာများကို နည်းလမ်းတကျချအပ်ခြင်းနှင့် ရုံးချိန်းရက်မတိုင်မီ ပြန်လည်ပေးပို့ခြင်း၊ အလေ့အထများ အားနည်းလျက်ရှိပြီး သမ္မန်စာများကို လုံးဝပြန်လည်မသွင်းသည့်အခြေအနေများတွင်ရှိပါတယ်။ ဒါကြောင့် သက်သေများသည် အတည်ဖြစ်/မဖြစ် မသိရှိနိုင်၍ တရားရုံးများက အမှုသည်များကို တစ်နေကုန်စောင့်ဆိုင်းထားခိုင်းပြီး လာရောက်ခြင်းမရှိသည့်အခါ ရုံးချိန်းကုန်လွန်မှ ရုံးချိန်းပြန်ချိန်းပေးသည်မျိုး ဖြစ်ပေါ်နေပါတယ်။ သမ္မန်စာများကို ရုံးချိန်းရက်မတိုင်မီ ပြန်လည်ပေးပို့ထားပါက သက်သေများလာရောက်နိုင်ခြင်းမရှိကြောင်း သိရှိနိုင်လျှင် အမှုများကို နံနက်ပိုင်းတွင် ပြန်လည်ချိန်းဆိုပေးနိုင်မည်ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂၀ ပုဒ်မခွဲ(က)တွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် ရဲတရားရုံးသို့ဖြစ်စေ၊ ပြစ်မှုဆိုင်ရာတရားရုံးသို့ဖြစ်စေ သက်သေတစ်ဦးအဖြစ် နည်းလမ်းတကျ ဆင့်စာချအပ်ခံရပြီးဖြစ်သော်လည်း တမင်သော်လည်းကောင်း၊ ရပ်တိသန်သောအကြောင်းမရှိဘဲသော်လည်းကောင်း၊ သက်သေခံရန်

ပျက်ကွက်လျှင် ရဲတရားရုံးမှ အရေးယူနိုင်ကြောင်း ပြဋ္ဌာန်းပါရှိပါတယ်။ ရဲတပ်ဖွဲ့ဝင်များကိုယ်တိုင်ပင်လျှင် ရုံးချိန်း သုံး၊ လေးချိန်းမက သက်သေခံလာရောက်ရန် ပျက်ကွက်နေသည်ကို ကြားသိရပါတယ်။ သို့ဖြစ်၍ အမှုသည်များတွင် ရုံးချိန်းများစွာလာရောက်ခဲ့ကြသော်လည်း အမှုစစ်ဆေးနိုင်ခြင်းမရှိဘဲ ရုံးချိန်ကုန်မှသာ အိမ်ပြန်ရသည့်အနေအထားမျိုးကို အမှန်တကယ်ရင်ဆိုင်နေကြရပါတယ်။ ထို့အပြင် အမှုပြီးပြတ်လိုတဲ့အမှုသည်များက သက်သေများကို စရိတ်စခပေးပြီးတော့ ခေါ်ယူနေရပါတယ်။ အထက်ပါဥပဒေပုဒ်မများနှင့် ရဲလက်စွဲအပိုဒ်များအရ တရားရုံးများသို့ ရဲတပ်ဖွဲ့ဝင်များအပါအဝင် တရားလိုနှင့် တရားလိုပြသက်သေများ သက်သေခံလာရောက်နိုင်ရေးသည် ရဲတပ်ဖွဲ့၏ အဓိကတာဝန်ဖြစ်သည်လို့ ထင်ရှားပါတယ်။

ဒုတိယအချက်အနေဖြင့် လက်ရှိအခြေအနေတွင် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၆၈ အရ သမ္မန်စာများကို စာဖြင့်ရေးသားထုတ်ဆင့်ရမည်ဖြစ်ပြီး ထိုစာကို ဆင့်ဆိုခြင်းခံရသူသို့ လူကိုယ်တိုင်သွားရောက်ဆင့်ဆိုရန် လိုအပ်ပါတယ်။ အချို့နိုင်ငံတွေမှာ သမ္မန်စာ SMS စနစ်ဖြင့် ပေးပို့အတည်ပြုလျက်ရှိသည်ကို လေ့လာသိရှိရပါတယ်။ တိုးတက်လာသောခေတ်နှင့်အညီ SMS စနစ် သို့မဟုတ် အခြားသင့်တော်တဲ့စနစ်ဖြင့် သမ္မန်စာများကို ဆင့်ဆိုနိုင်ပါက အချိန်ကုန် လူပန်းသက်သာပြီး တိကျမှုရှိလာမည်ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်ရန် လိုအပ်ပါတယ်။ ထိုဥပဒေကြမ်းရေးဆွဲတင်ပြရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တာဝန်ဖြစ်ပါတယ်။ ထို့ကြောင့် ရဲတပ်ဖွဲ့သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် IT ပညာရှင်များနှင့်ပူးပေါင်းကာ သုတေသနလုပ်ငန်းများဆောင်ရွက်ပြီး ဥပဒေပြင်ဆင်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန်လိုအပ်ပါတယ်။

သို့ဖြစ်ပါ၍ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲတပ်ဖွဲ့က တရားရုံးများသို့ တရားစွဲဆိုတင်ပို့သည့်အမှုများတွင် တရားလိုနှင့် တရားလိုပြသက်သေများ သက်သေခံလာရောက်စေရန်အတွက် အထက်အဆင့်ဆင့်က ကြပ်မတ်ပေးပါရန်နှင့် ခေတ်နှင့်လျော်ညီသည့် သမ္မန်စာအဆင့်ဆင့်ဆိုနည်းကို သုတေသနပြုရန် အစီအစဉ်ရှိ/မရှိ ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း တရားစီရင်ရေးမဏ္ဍိုင်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အဆင့်ဆင့်သောတရားရုံးများက တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ တရားရုံးတွေမှာ စစ်ဆေးနေတဲ့အမှုများ နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲနဲ့ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်တရားစီရင်နိုင်ဖို့

အတွက် သက်သေများ တရားရုံးသို့ သက်သေခံလာရောက်ရေးဟာ အဓိအချက်ဖြစ်တဲ့အတွက် သက်သေခံများလာရောက်ရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် တရားစွဲအဖွဲ့အစည်းများ၊ ဥပဒေအကျိုးဆောင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများက အလေးအနက်ထား ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ထိုသို့ တရားရုံးမှ သက်သေများကို စစ်ဆေးရန် ဆင့်ခေါ်တဲ့သမ္မန်စာတွေကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၆၈ အရ သက်ဆိုင်ရာတရားရုံးဟာ ရဲအရာရှိတစ်ဦး သို့မဟုတ် တရားရုံးအရာရှိတစ်ဦး သို့မဟုတ် အခြားပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို ချမှတ်ဆောင်ရွက်စေနိုင်သည်ဟု ဖော်ပြထားရှိပါတယ်။ ဒါအပြင် သမ္မန်စာချအပ်ရန် နည်းလမ်းတွေကိုလည်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၆၈ မှ ၇၄ အထိလည်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ တရားရုံးများမှ ဆင့်ခေါ်တဲ့သမ္မန်စာများကို ဥပဒေနှင့်အညီ နည်းလမ်းတကျချမှတ်ရာမှာ တိမ်းရှောင်ခြင်း၊ တားဆီးခြင်း၊ လိုက်နာရန်ပျက်ကွက်ခြင်းတို့ကို အရေးယူဆောင်ရွက်နိုင်ဖို့အတွက်လည်း ရာဇသတ်ကြီးပုဒ်မ ၁၇၂ မှ ၁၇၄ အထိလည်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တရားရုံးများသို့ တရားတင်ပို့သည့်အမှုများမှာ တရားရုံးဟာ သမ္မန်စာအတည်ပြုနိုင်ရေးအတွက် တရားလိုနှင့်သက်သေများ သက်သေခံလာရောက်စေဖို့ အမှု ပထမရုံးချိန်းတောင်းပုံစံ(၁၀၄)နှင့် သမ္မန်စာတို့ကို သက်ဆိုင်ရာရဲစခန်းမှူးထံပေးပို့ဆောင်ရွက်စေလျက်ရှိပါတယ်။ သက်ဆိုင်ရာရဲစခန်းမှူးဟာ မိမိလက်ခံရရှိတဲ့သမ္မန်စာကို သက်ဆိုင်ရာနယ်မြေ နယ်ထိန်းတပ်ဖွဲ့ဝင်များကိုလည်းကောင်း၊ သီးခြားတာဝန်ပေးအပ်ထားတဲ့ ရဲတပ်ဖွဲ့ဝင်များကိုလည်းကောင်း အချိန်မီသမ္မန်စာချအပ်နိုင်ရေး တာဝန်ပေးဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရတဲ့အတွက် တပ်ဖွဲ့ဝင်များအနေနဲ့ သက်သေများနေထိုင်တဲ့ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့်ပေါင်းစပ်ပြီး သမ္မန်စာချအပ်ရမယ့်နည်းလမ်းများအတိုင်း ဆောင်ရွက်ပြီး မိတ္တူတစ်စောင်ကို တရားရုံးသို့ ရုံးချိန်းရက်အမီ ပြန်လည်တင်သွင်းရပါတယ်။ ဒါ့အပြင် ရဲတပ်ဖွဲ့ဝင်များဟာ သမ္မန်စာများ ရုံးချိန်းရက်အမီ အတည်ပြုနိုင်ရေးအတွက် ဆောင်ရွက်ရာမှာ အကြောင်းမဲ့ပျက်ကွက်ခြင်း၊ ပေါ့လျော့စွာဆောင်ရွက်ခြင်းများ မရှိစေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ မည်သူ့ကိုမဆို ဥပဒေအရာမှာ တန်းတူညီမျှအခွင့်အရေးရရှိစေရေးနှင့် ဥပဒေအကာအကွယ်ကိုလည်း တန်းတူညီမျှရရှိစေရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အဆင့်ဆင့်သော တရားရုံးများက ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အပါအဝင် တရားစွဲအဖွဲ့အစည်းများ၊ ဥပဒေအကျိုးဆောင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှလည်း မိမိတို့ ကဏ္ဍအလိုက် အလေးထားပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တရားရုံးများက ထုတ်ဆင့်တဲ့ သမ္မန်စာများကို သက်သေများထံ ရုံးချိန်းအမီဆင့်ဆိုနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရဲတပ်ဖွဲ့ဝင်များအနေနဲ့ တရားရုံးမှာ သက်သေခံရန် အကြောင်းမဲ့ပျက်ကွက်မှုမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ အလေးထားကြပ်မတ်

ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေဟာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ စီမံခန့်ခွဲသည့် ဥပဒေဖြစ်ပါသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပါ သမ္မန်စာချအပ်သည့် နည်းလမ်းကို ခေတ်နှင့်လျော်ညီအောင် သုတေသနပြု၍ ရာဇဝတ်ကျင့်ထုံးဥပဒေ ပြင်ဆင်ပြဋ္ဌာန်းခြင်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနှင့် ဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်းနှင့် သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်မည်ဆိုပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သမ္မန်စာချတဲ့ကိစ္စ သမ္မန်စာတွေပြန်သွင်းတယ်။ နှောင့်နှေးကြန့်ကြာတဲ့ကိစ္စ၊ ပျက်ကွက်တဲ့ကိစ္စ ခုနက ပြည်ထဲရေးဝန်ကြီးဌာနကလည်း ဥပဒေကိုးကားပြီးတော့ ရှင်းပြသွားပါပြီ။ မေးခွန်းရှင်အနေနဲ့ ဒီလောက်ဆို သဘောပေါက်ဖို့လိုပါတယ်။ ဒါ ရဲတပ်ဖွဲ့မှာတာဝန်ရှိတယ်ဆိုတာထက် ရာဇသတ်ကြီးဥပဒေမှာလည်းရှိတယ်။ ရာဇဝတ်ကျင့်ထုံးဥပဒေမှာလည်းရှိတယ်။ တရားရုံးများလက်စွဲမှာလည်းရှိတယ်။ ရဲအက်ဥပဒေမှာလည်းရှိတယ်။ ဒီဥပဒေအတိုင်း သက်ဆိုင်ရာတရားရုံးကလည်း တိတိကျကျလိုက်နာရင် ဒီကိစ္စတွေက မဖြစ်ပါဘူး။ ရဲတပ်ဖွဲ့မှာ တာဝန်ရှိတယ်ဆိုတာထက် သမ္မန်စာချတဲ့တရားရုံးရဲ့ ဒီဥပဒေနှင့်အညီဆောင်ရွက်တဲ့အပေါ်မှာလည်း မူတည်ပါတယ်။ ဒါကိုတော့ ကျွန်တော်တို့ မေးခွန်းရှင်အနေနဲ့လည်း သိလိုပါတယ်။ ဒါမှမဟုတ်လို့ရှိရင် ဒီသမ္မန်စာချတဲ့ကိစ္စတစ်ခု၊ ကြန့်ကြာတဲ့ကိစ္စတစ်ခု၊ နှောင့်နှေးတဲ့ကိစ္စတစ်ခု သမ္မန်စာပျက်ကွက်တယ်။ နှောင့်နှေးတယ်။ ကြန့်ကြာတယ်ဆိုရင် လုပ်ရမယ့်ဥပဒေတွေရှိပါတယ်။ တရားရုံးရဲ့လုပ်ပိုင်ခွင့်တွေရှိပါတယ်။ နောက်ဆုံးသမ္မန်စာအတည်ဖြစ်ပြီးမလာရင်တောင်မှ ဝရမ်းထုတ်ပြီး လက်ထိပ်ခတ်ခေါ်လည်းရပါတယ်။ တရားရုံးရဲ့ လုပ်ပိုင်ခွင့်တွေရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါရဲတပ်ဖွဲ့ရဲ့တာဝန်တစ်ခုတည်းမဟုတ်ပါဘူး။ တရားရုံးရဲ့တာဝန်လည်းရှိပါတယ်။ ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင်လုပ်လို့ရှိရင် ဒီကိစ္စတွေမဖြစ်ပါဘူး။ ဒါကြောင့်မို့လို့ ခုနက ဒီမေးခွန်းရှင်ကိုတော့ ဒီဥပဒေနှင့်ပတ်သက်ပြီးတော့လည်း သေသေချာချာ ဒါကို သိစေချင်ပါတယ်။

**ဗဟန်းမြို့နယ်ရှိ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် အမျိုးအစား(၇)မျိုးခွဲခြား၍ တိုကင်စနစ်ဖြင့် ဆောင်ရွက်ပေးရန်၊ လာရောက်ဆောင်ရွက်သူများအား မှတ်ပုံတင် မူရင်း၊ အိမ်ထောင်စုဇယား မှန်ကန်ပါက ရုံးတွင်းဝင်ရောက်ဆောင်ရွက်ရာတွင် နေရာအခက်အခဲမရှိဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး(ဗိုလ်တထောင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ဗိုလ်တထောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုးဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ စက်မှု(၁)လမ်း နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် ယခုအခါ နေ့စဉ်နှင့်အမျှ လာရောက်လျှောက်ထားသူ ၂၀၀၀ ဝန်းကျင်ခန့်ရှိပြီး လာရောက်လျှောက်ထားသောပြည်သူများမှာ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးရှေ့တွင် နံနက် ၅ နာရီအချိန်မှ စတင်တန်းစီလျက်ရှိသောကြောင့် အများပြည်သူများ

အနှောင့်အယှက်ဖြစ်ရသလို ကားလမ်းများပိတ်ဆို့နေခြင်း၊ ရာသီမရွေးလမ်းမပေါ်တွင်လူများစည်ကား နေခြင်း၊ မလိုလားအပ်သောပြည်သူများ စိတ်ပျက်စိတ်ရှုပ်စေပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ် ပြည်သူတို့ အားကိုးအားထားမှုနည်းပါစေမည့် ပွဲစားများအန္တရာယ်ကြောင့် နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် အမျိုးအစား(၇)မျိုး ခွဲခြားစိစစ်၍ တိုကင်စနစ်ဖြင့် အတန်းလိုက်ခွဲခြားပြီး ရုံးတွင်းဝင်ရောက်စေနိုင်ရန် နဲ့ နေရာအခက်အခဲမရှိ ပိုမိုကျယ်ဝန်းသောနေရာ တိုးချဲ့ဆောက်လုပ်ပေးပြီး ပြည်သူများအလွယ်တကူ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသောမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ရှင်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံ နိုင်ငံကူးလက်မှတ်ထုတ်ပေး ရေးရုံးတွင် ယခုအခါ လာရောက်လျှောက်ထားသူပြည်သူ ၂၀၀၀ ဝန်းကျင်ရှိပြီး နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးဌာနခွဲများအနေနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် မြဝတီ၊ တာချီလိတ်၊ ကော့သောင်း အပါအဝင် နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး ၂၀ နှင့် ဆောင်ရွက်ပေးလျက်ရှိသော်လည်း အလုပ်သမားအေဂျင်စီအများဆုံးရှိသော ရန်ကုန်မြို့တွင်သာ အလုပ်အကိုင်အတွက် ဆောင်ရွက်နေကြ သူများ ပိုမိုများပြားလျက်ရှိပါတယ်ရှင်။ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးအမျိုးအစား(၇)မျိုးအနက် နိုင်ငံရပ်ခြားသို့ အလည်အပတ်သွားလိုသူ၊ ကျောင်းတက်မည့်သူ၊ မိသားစုထံသွားရောက်လိုသူ၊ ဆေးကုသလိုသူ၊ မှီခိုသူ၊ သင်္ဘောသား၊ ဘာသာရေးနှင့်သက်ဆိုင်၍သွားရောက်လိုသူဦးရေ(၇)မျိုးရှိရာ အသက် ၆၀ ကျော်သူများနှင့် ဆေးကုသရန်သွားရောက်လိုသူ(၂)မျိုးကို ရုံးသို့လာရန်မလိုအပ်ဘဲ အိမ်တိုင်ရာရောက်စနစ်ဖြင့် ဆောင်ရွက်ပေးမည်ဆိုပါကလည်း သက်ကြီးရွယ်အိုနှင့် ဆေးကုသသူများ အနေနှင့် ပိုမိုအဆင်ပြေလွယ်ကူချောမွေ့နိုင်မည်ဖြစ်ပါတယ်ရှင်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ Power Point သုံးစွဲခွင့်ပြုပါရှင်။ နိုင်ငံကူးလက်မှတ်ထုတ်ပေးရုံးအနီးပတ်ဝန်းကျင်တွင် လမ်းဘေးဝဲ/ယာတစ်လျှောက် လက်ဖက်ရည် ဆိုင်များ၊ မုန့်ဆိုင်များ၊ အအေးဆိုင်များ၊ ပတ်စပို့နှင့်ပတ်သက်သောပစ္စည်းရောင်းချသောဆိုင်များတွင် ပွဲစားများအခြေချလျက် နေရာရောင်းချခြင်း၊ စာအုပ်များနေ့ချင်းရမည်ဟုဆိုကာ ငွေသောင်းဂဏန်းမှ သိန်းဂဏန်းအထိလိမ်လည်ခြင်းများ နေ့စဉ်နှင့်အမျှ ဆောင်ရွက်မှုပြုလုပ်နေသည်ကို မြင်မကောင်းစွာ တွေ့ရှိရပါတယ်။ နိုင်ငံကူးလက်မှတ်လျှောက်ထားသူများသည် အချိန်ကြာမြင့်စွာတန်းစီနေရခြင်း၊ ရာသီမရွေးအပြင်ဘက်တွင်တန်းစီနေရခြင်းကြောင့် ပွဲစားများ၏လိမ်ညာမှုကိုခံနေရခြင်း၊ အချိန် ကြာမြင့်စွာ စောင့်ဆိုင်းနေရသောကြောင့် ပွဲစားများ၏ဖြားယောင်းလိမ်လည်ခြင်းအပေါ် ယုံကြည်စွာ လက်ခံ၍ အချိန်ကုန်သက်သာစေရန် အလွယ်တကူအလိမ်ခံနေကြရပါတယ်။ ယခုအခါ အမှန်တကယ် ပွဲစားများထဲတွင် မိမိတို့တပ်ဖွဲ့ဝင်များပါ ပါဝင်နေခြင်းများရှိသဖြင့် ပွဲစားများမှာ ပေါ်ပေါ်ထင်ထင် စျေးပြော၍ဖြတ်ဝင်ခြင်း၊ ကျော်ဝင်ခြင်း၊ တပ်ဖွဲ့ဝင်အရာရှိများ၏အမည်ကို အလွဲသုံးစားလုပ်၍စာအုပ် ချက်ချင်းရမည်။ နေ့ချင်းရမည်ဟုဆိုပြီး ပွဲစားများ နည်းမျိုးစုံနှင့် ပေါ်ပေါ်ထင်ထင်လုပ်စားနေသည်ကို လည်း ထိထိရောက်ရောက်အရေးယူနိုင်ရန် လိုအပ်ပါသည်။ ထိုသို့အရေးယူနိုင်ရန်လည်း ပြည်သူများ ကိုယ်တိုင်ကပါဝင်ဖို့လိုအပ်သလို ကန်တော့ရမည်။ ကန်တော့လိုက်ပါဟုဆိုသောစကားအပေါ် လိုလို လားလားမကန်တော့ရန်၊ ကန်တော့ရန်လိုအပ်ခြင်းမရှိဘဲ အကျင့်ပျက်နေသောကိစ္စများကို ကူညီပေး

နေခြင်းဖြင့် အကျင့်ပျက်ဝန်ထမ်းများကို အားပေးကူညီရာရောက်နေသဖြင့် တိတိကျကျတိုင်ကြားရန် ပြည်သူများပါဝင်ရန်လည်း အထူးလိုအပ်ပါတယ်ရှင့်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံကူးလက်မှတ်ရလိုသူများသည် အခိကမှတ်ပုံတင်မူရင်း၊ အိမ်ထောင်စုဇယားမူရင်းအပေါ် မှန်ကန်တိကျရန်လိုအပ်သဖြင့် လ.ဝ.က သေချာစစ်ဆေးမှုပြုလုပ်ပြီးသောကြောင့် လူဦးရေနှင့် ရုံးအကျယ်အဝန်းမျှတမှုမရှိသောကြောင့် လာရောက်လျှောက်ထားသူပြည်သူများမှာ ရာသီမရွေးလမ်းမပေါ်တွင် အမိုးအကာမရှိတန်းစီနေရသဖြင့် အမျိုးအစား(၇)မျိုးခွဲခြားစိစစ်၍ တိုကင်စနစ်ပေးခြင်းဖြစ်စေ၊ မည်သို့သောစနစ်ဖြင့်ဖြစ်စေ ရုံးတွင်းဝင်ရောက်၍ လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက ပွဲစားအန္တရာယ်မှကင်းဝေး၍ နိုင်ငံကူးလက်မှတ် အမှန်တကယ်တိတိကျကျရရှိ၍ ပြည်သူများအခက်အခဲမရှိ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ နှင့်စပ်လျဉ်းသောမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ရှင့်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး မေးမြန်းတဲ့ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားသွားပါ့မယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲဖို့ ခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးကို ရန်ကုန်မြို့၌သာ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ရာကနေ မြန်မာနိုင်ငံတစ်ဝန်းမှနိုင်ငံသားများ လွယ်ကူသက်သာစွာဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲ(မန္တလေး)ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့မှာလည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးများမှာရှိတဲ့ မြို့ကြီးများမှာ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲ ၁၅ ရုံးကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှာလည်းကောင်း စတင်ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့မှာ သွားရောက်လုပ်ကိုင်နေကြတဲ့ မြန်မာနိုင်ငံသားများ လွယ်ကူသက်သာစွာဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီး မြဝတီ၊ တာချီလိတ်၊ ကော့သောင်းမြို့တွေမှာ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲ သုံးရုံးကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့မှာ စတင်ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးတဲ့အတွက် ယခုအခါ တစ်နိုင်ငံလုံး ရုံးပေါင်း ၂၀ နဲ့ လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။ ၂၀၁၃ ခုနှစ်၊ မတ်လ ၅ ရက်နေ့ကစပြီး မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားသူများလွယ်ကူအဆင်ပြေစေရေးအတွက် ပညာရေးကင်းရှင်းကြောင်းထောက်ခံချက်၊ အမြတ်ခွန်ပုံစံ(၁၉)၊ အသင်းအဖွဲ့အစည်းအရုံးထောက်ခံချက်များကို ဖြေလျှော့ပေးပြီး ရဟန်းသံဃာ၊ သီလရှင်များအတွက် သာသနာရေးဝန်ကြီးဌာနရဲ့ထောက်ခံချက်အစား မြို့နယ်သံဃနာယကအဖွဲ့ရဲ့ထောက်ခံချက်ဖြင့်လည်းကောင်း၊ လျှောက်လွှာပုံစံ ငါးရွက်မှ စာမျက်နှာနှစ်မျက်နှာပါတစ်ရွက်ဖြင့်လည်းကောင်း၊ စာအုပ်ထုတ်ယူရမယ့်

ရက်ကို မူလရက် ၂၁ ရက်သတ်မှတ်ထားရာကနေ ၁၀ ရက်သို့လည်းကောင်း ဖြေလျှော့ပေးမှုများ ဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် ကျန်းမာရေးမကောင်းသဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်ဆေးကုသမှုခံမည့်သူများ၊ ဆေးကုဖော်များ၊ စီးပွားရေး၊ သင်တန်း၊ ကျောင်း၊ ပြပွဲ၊ ပြိုင်ပွဲ၊ လေ့လာရေး၊ အစည်းအဝေး၊ ဆွေးနွေးပွဲများသို့ တက်ရောက်မည့်သူများ၊ ပြည်ပသို့ခွင့်ဖြင့်သွားရောက်မည့်နိုင်ငံ့ဝန်ထမ်းများ၊ ပြည်ပသို့မှီခိုအဖြစ်လိုက်ပါမည့်သူများ၊ နိုင်ငံကူးလက်မှတ်မှာ သက်တမ်းကျန်ပြီး စာရွက်ကုန်၍ ပြန်လည်လျှောက်ထားသူများကို Green Channel အစီအစဉ်နဲ့ လျှောက်ထားစေပြီးတော့ ငါးရက်အကြာမှာ စာအုပ်ထုတ်ပေးနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သာမန်မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားသူတွေအနက်က ရဟန်းသံဃာများ၊ သီလရှင်များ၊ အသက် ၆၀ နှင့်အထက်သက်ကြီးရွယ်အိုများ၊ အသက် ၁၀ နှစ်အောက် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကျန်းမာရေးချို့တဲ့နေသူတွေကို ရုံးရဲ့ပထမထပ်မှာ သီးခြားဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကိုယ်တိုင်လာရောက်နိုင်ခြင်းမရှိတဲ့ အသက် ၆၀ ကျော်နှင့်အထက် သက်ကြီးရွယ်အိုများ၊ ဆေးရုံဆေးခန်းတွေမှာ ဆေးဝါးကုသမှုခံယူနေသူတွေကိုလည်း အိမ်တိုင်ရာရောက်(Home Service)အစီအစဉ်နဲ့ ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

လက်ရှိဆောင်ရွက်ပေးလျက်ရှိတဲ့ သာမန်မြန်မာနိုင်ငံကူးလက်မှတ်(၇)မျိုး လျှောက်ထားထုတ်ပေးမှုလုပ်ငန်းစဉ်များအရ မည်သည့်သာမန်နိုင်ငံကူးလက်မှတ်အမျိုးအစားဖြစ်စေ လာရောက်လျှောက်ထားသူများအနေနဲ့ ကိုယ်ရေးအချက်အလက်လျှောက်လွှာပုံစံရယူဖြည့်စွက်ပြီး လူဝင်မှုကြီးကြပ်ရေးကောင်းတာ သို့မဟုတ် သက်တမ်းတိုးကောင်တာမှာ နိုင်ငံသားစိစစ်ရေးကတ်နှင့်အိမ်ထောင်စုစာရင်းတို့ဖြင့် နိုင်ငံသားစိစစ်မှုခံယူခြင်း၊ လက်ဗွေနှိပ်ခြင်း၊ Webcam ဖြင့်မှတ်တမ်းဓာတ်ပုံရယူခြင်းလုပ်ငန်းတွေကို လုပ်ငန်းတူဆောင်ရွက်ရခြင်း၊ လျှောက်ထားတဲ့အမျိုးအစားအလိုက်လျှောက်ထားမှုဦးရေအချိုးအစား မညီမျှခြင်းနဲ့ သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားသူများအနက် ရဟန်းသံဃာများ၊ သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေးအရလိုအပ်ချက်ရှိသူတွေကို သီးခြားအစီအစဉ်တစ်ရပ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိတဲ့အတွက် သာမန်မြန်မာနိုင်ငံကူးလက်မှတ်အမျိုးအစား (၇)မျိုးကိုခွဲခြားပြီး တုံကင်စနစ်ဖြင့်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံကူးလက်မှတ်လုံခြုံမှုရှိစေရေး၊ နိုင်ငံသားဖြစ်မှုစိစစ်ရာမှာ အချက်အလက်များမှန်ကန်စွာစိစစ်နိုင်ရေး၊ သာမန်မြန်မာနိုင်ငံကူးလက်မှတ်အတုအယောင်များ မပေါ်ပေါက်စေရေးနဲ့ နိုင်ငံသားမဟုတ်သူများ ကိုင်ဆောင်ခွင့်မရရှိစေရေးတို့ကို ရည်ရွယ်ပြီး Biometric System ဖြစ်တဲ့ မျက်ကြည်လွှာမှတ်တမ်းရယူခြင်းနှင့် လက် ၁၀ ချောင်းလက်ဗွေမှတ်တမ်းရယူခြင်းတွေကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့ကနေ စတင်ဆောင်ရွက်လျက်ရှိပါတယ်။ သာမန်မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားမှုမှာ တစ်ဦးချင်းစိစစ်ဆောင်ရွက်ရာမှာ တန်းစီစောင့်ဆိုင်းနေရမှုများလျော့နည်းစေဖို့နှင့် အချိန်တိုအတွင်း ပြီးပြတ်စေဖို့အတွက် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ကောင်တာ ၇ ခုပဲရှိရာကနေ ယခုကောင်တာ ၁၂ ခုထိလည်းကောင်း၊ ကိုယ်ရေးအချက်အလက်ရေးသွင်းတဲ့ ကောင်တာ ၁၃ ခုရှိရာကနေ ယခု ၂၃ ခုထိလည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့

ကစတင်ပြီး တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် စောင့်ဆိုင်းရသူများ အဆင်ပြေမှု ရှိစေရေးအတွက်ကိုလည်း ယခင်က အလျား ၁၀၅ ပေ၊ အနံ ၂၅ ပေရှိတဲ့နားနေဆောင်ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့မှာ အနံ ၃၅ ပေ ထပ်မံတိုးချဲ့တဲ့အတွက် ယခုနားနေဆောင်ဟာ အလျား ၁၀၅ ပေ၊ အနံပေ ၆၀ ရှိပြီး ထိုင်ခုံများတပ်ဆင်ထားပြီးရှိတဲ့အတွက် နိုင်ငံကူးလက်မှတ်လျှောက်ထားသူ အားလုံး နားနေဆောင်အတွင်းသို့ အချိန်တိုအတွင်း ဝင်ရောက်နိုင်ခွင့်ရရှိနေပြီဖြစ်ပါတယ်။ သို့ရာတွင် နိုင်ငံသားလျှောက်ထားသူမဟုတ်ဘဲ အဖော်အဖြစ်လိုက်ပါလာသူတွေကတော့ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးအတွင်းသို့ ဝင်ခွင့်မရတဲ့အတွက် ပြင်ပမှာ နေထိုင်ရန်အမှုများကတော့ ဆက်လက်ကျန်ရှိနေဆဲဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်း သာမန်မြန်မာနိုင်ငံကူးလက်မှတ်လာရောက်လျှောက်ထားသူများထံမှ ငွေကြေးလိမ်လည်မှုများကို တိုင်ကြားခဲ့ခြင်းမရှိသော်လည်းပဲ ၂၀၁၇ ခုနှစ်အတွင်းမှာတော့ လိမ်လည်မှုနှစ်မှုဖြစ်ပွားခဲ့တဲ့အတွက် ဗဟန်းမြို့နယ်ရဲစခန်းမှာ အမှုဖွင့်စုံစမ်းဆောင်ရွက်လျက်ရှိတဲ့အပြင် ပါဝင်ပတ်သက်မှုရှိတဲ့တပ်ဖွဲ့ဝင်တချို့ကိုလည်း ပြင်းထန်စွာအရေးယူဆောင်ရွက်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး(ရန်ကုန်)မှာ သာမန်မြန်မာနိုင်ငံကူးလက်မှတ်လာရောက်လျှောက်ထားသူများကို ငွေကြေးလိမ်လည်မှုမရှိစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးနှင့် အဖျက်အမှောင့်လုပ်ငန်းများမရှိစေရေးအတွက် လုံခြုံရေးရဲတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်တဲ့အဖွဲ့များနဲ့ ပူးပေါင်းကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

သို့ပါ၍ နိုင်ငံကူးလက်မှတ်လျှောက်ထားရာမှာ အချိန်ကုန်သက်သာစေရေးအတွက် ရုံးပေါင်း ၂၀ အထိတိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး ဖြေလျှော့နိုင်သည့်အထောက်အထား၊ အချက်အလက်များကိုလည်း ဖြေလျှော့ပေးခြင်း၊ စိစစ်ဆောင်ရွက်လျက်ရှိသည့်ကာလကိုလည်းဖြေလျှော့ခြင်း၊ Green Channel အစီအစဉ်နှင့် Home Service အစီအစဉ်တို့လည်း တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး(ရန်ကုန်)မှာ သာမန်နိုင်ငံကူးလက်မှတ်လာရောက်လျှောက်ထားသူများ တန်းစီစောင့်ဆိုင်းရမှုလျော့နည်းစေရေးအတွက် ကောင်တာ ၁၅ ခုထပ်မံတိုးချဲ့ဖွင့်လှစ်ခြင်းနှင့် မိုးလုံလေလုံနားနေနိုင်ရေး အဆောက်အဦတိုးချဲ့ဆောက်လုပ်ခြင်းတွေ ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်းနှင့် သာမန်နိုင်ငံကူးလက်မှတ်လာရောက်လျှောက်ထားသူများကို ငွေကြေးလိမ်လည်မှုများမရှိစေရေးအတွက် ပူးပေါင်းအဖွဲ့များဖြင့် စိစစ်ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး(ပိုလ်တထောင်မဲဆန္ဒနယ်)**။ ။ ကျွန်မအနေနဲ့ ဆက်စပ်မေးခွန်းလေးမေးခွင့်ပြုပါရှင်။ ယခုလို ဒုတိယဝန်ကြီးဖြေကြားမှုအပေါ်မှာလည်း အလွန်ပဲကျေးဇူးတင်ပါတယ်ရှင်။ ကျွန်မမေးခွန်းမေးပြီးတဲ့အချိန်မှာ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးအနေနဲ့ တိုးချဲ့ပြီးတော့မှ၊ ဆောက်လုပ်ပြီးတော့မှ လုပ်ပေးထားတာလည်း ကျွန်မကိုယ်တိုင် တွေ့ရှိခဲ့ပြီးဖြစ်ပါတယ်။

ကျွန်မအနေနဲ့ ဒီလိုတိုးချဲ့ပြီးတော့ လုပ်ကိုင်တဲ့အတွက် အများပြည်သူတွေအထဲကို ဝင်ရောက်ထားတာလည်း ကျွန်မတို့တွေ့ရပါတယ်။ ဒါပေမဲ့လည်း အခုအချိန်ထိလည်း မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးရှေ့မှာလည်း လူတွေအများကြီး အခုအချိန်ထိ တန်းစီနေတာကိုလည်း တွေ့ရပါတယ်။ အဲဒီတော့ အပြင်မှာ တန်းစီနေရတဲ့လူတွေ အထဲသို့ရောက်သွားတာမှန်သော်ငြားလည်း အထဲမှာလည်း ဒီလိုပဲ ကိုယ့်ဝန်ထမ်းတွေ မိမိတပ်ဖွဲ့ဝင်ဝန်ထမ်းတွေနဲ့အတူ ပွဲစားတွေလုပ်နေတာကို ကျွန်မတို့ အခုအချိန်ထိ တွေ့နေရတာရှိပါတယ်။ အဲဒီတော့ အဲဒီပွဲစားတွေကင်းဝေးသွားအောင် ကျွန်မတို့အနေနဲ့ မိမိတပ်ဖွဲ့ဝင်ပဲဖြစ်စေ၊ အပြင်ကပွဲစားတွေပဲဖြစ်စေ ဒီလိုမျိုးဝင်ရောက်ခြေရှုပ်ပြီးတော့မှ ကျွန်မတို့ ပြည်သူတွေအနှောင့်အယှက်ဖြစ်စေတဲ့ဟာတွေကို ဘယ်လိုတိုင်ကြားနိုင်တယ်၊ ဘယ်လိုမျိုးတွေ ထိထိရောက်ရောက်တိုင်ကြားနိုင်တယ်ဆိုတာကို နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးမှာ ဘယ်ဘုတ်တွေကပ်လို့ပဲဖြစ်စေ၊ နောက်ပြီးတော့မှ ဘယ်လိုတွေဘယ်နေရာကိုတိုင်ကြားလို့ရှိရင် ဘယ်လိုတွေအရေးယူမယ်ဆိုတာလေးတွေကို ရေးပေးလို့ရနိုင်မယ့်အစီအစဉ်လေးကိုလည်း ကျွန်မသိချင်ပါတယ်။ နောက်တစ်ခုကလည်း သက်တမ်းတိုးတဲ့သူက ဘာတွေလိုတယ်။ သက်တမ်းအသစ်လုပ်မယ့်သူက ဘာတွေလိုတယ်ဆိုတာကိုလည်း ပတ်(စ်)ပို့ရုံးမှာ သေချာလေးဗီနိုင်းတွေကပ်ပြီး နံရံမှာသေချာလေး ကပ်ပြီးတော့မှ ပြည်သူတွေလွယ်လင့်တကူလုပ်နိုင်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းလေးနဲ့ ဆက်စပ်ပြီးမေးချင်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်း စတင်ရရှိတဲ့အချိန်မှာပဲ ကျွန်တော် နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးကိုသွားကြည့်ပြီး တာဝန်ရှိသူနှင့်ပေါင်းစပ်ပြီး ခုနက အဆောက်အဦတိုးချဲ့ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ညှိနှိုင်းပြီးတော့ ကောင်တာတိုးချဲ့ခြင်းတွေနဲ့ပြည်သူတွေလွယ်လွယ်ကူကူရရှိနိုင်ရန် ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် ဆောင်ရွက်တဲ့လုပ်ငန်းစဉ်ကိုလည်း ကျွန်တော်မနက်စပြီးဆောင်ရွက်တဲ့အချိန်ကနေ ပြည်သူအားလုံးအထဲရောက်တဲ့အချိန်ကိုကြည့်တဲ့အခါမှာ ဝင်တဲ့အခါမှာတော့ လျှောက်ထားသူကိုယ်တိုင်ဖြစ်ရမှာဖြစ်တဲ့အတွက် အဲဒီနေရာမှာ မှတ်ပုံတင်နဲ့အိမ်ထောင်စုစာရင်းနဲ့လူနဲ့တိုက်ဆိုင်စစ်ဆေးမှုလုပ်ငန်းကို ကျွန်တော်တို့ မဖြစ်မနေဆောင်ရွက်ရပါတယ်။ ယခင်ကတော့ ဒီလိုဆောင်ရွက်တဲ့အခါမှာ မှတ်ပုံတင်အတုတွေနဲ့ လိမ်လည်မှုတွေဖြစ်တဲ့အတွက် ဒါကိုကျွန်တော်တို့က နိုင်ငံသားဖြစ်ခွင့်မရှိသူ၊ ပတ်(စ်)ပို့မရသင့်တဲ့သူ မရအောင် စိစစ်တဲ့လုပ်ငန်းကို ခုနကတင်ပြခဲ့တဲ့အတိုင်း Biometric စနစ်တွေနဲ့ Webcam နဲ့စစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။ ဒီနေရာမှာလည်း လစ်လပ်မှုတွေရှိနေတဲ့အတွက် Finger Print တွေကို Screen ဖတ်ပြီးတော့ Matching လုပ်တဲ့စနစ်နဲ့ ဒါတွေကိုလည်း ကျွန်တော်တို့ နိုင်ငံသားဖြစ်ခွင့်မရှိတဲ့သူတွေကို ပတ်(စ်)ပို့မရအောင် စိစစ်တဲ့လုပ်ငန်းလုပ်ပါတယ်။ ဒါကြောင့် စတင်ပြီးတော့ရုံးဖွင့်တဲ့အချိန်ကနေပြီး မနက် ၉ နာရီခွဲအချိန်ထိကတော့ အထဲကိုဝင်ရောက်ခွင့်ရဖို့အတွက်တော့ တန်းစီရမှုကာလတော့ ရှိပါသေးတယ်။ သို့သော်လည်း ယခင်ထက်တော့အချိန်အများကြီးလျှော့ချပြီးလုပ်နိုင်အောင် ကောင်တာတွေတိုးချဲ့ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါလည်း အဆောက်အဦတိုးချဲ့မှုနဲ့အထဲရောက်

တဲ့အခါမှာလည်း မတ်တပ်ရပ်တန်းစီရတဲ့စနစ်အစား အားလုံးထိုင်ခုံနဲ့ထိုင်ပြီးတော့ စောင့်ဆိုင်းရတဲ့ စနစ်မျိုးလည်းဖြစ်အောင် ဆောင်ရွက်ခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းမှာပါတဲ့ တုံကင်(၇)မျိုးလုပ်ဖို့လည်း ကျွန်တော်တို့ ကြိုးစားကြည့်ပါတယ်။ သို့သော်လည်းပဲ အမျိုးအစားအလိုက်လျှောက်ထားတဲ့ဦးရေ၊ အချိုးအစား မညီမျှခြင်းနဲ့ လုပ်ရတဲ့လုပ်ငန်းစဉ် Process လည်း အတူဖြစ်တဲ့အတွက် တုံကင်စနစ်အစား လျှောက်လွှာရဲ့နံပါတ်စနစ်နဲ့ပဲ ဒီပေါ်မှာကြပ်မတ်ပြီးဆောင်ရွက်လျက်ရှိပါတယ်။ တိုင်ကြားမှုနဲ့ ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်က တိုင်ကြားခဲ့တဲ့နှစ်ခုအတွက် ပါဝင်ပတ်သက်ခဲ့တဲ့ပွဲစားတွေနဲ့ ပတ်သက်ပြီးတော့ ဓာတ်ပုံကို ကျွန်တော်တို့ကြေညာထားပါတယ်။ ဒီလူတွေဟာ ပွဲစားတွေဖြစ်ပါတယ်။ ဒါကြောင့် ကျောက်ကြီးမြို့နယ်က ဒေသခံပြည်သူသုံးဦး လိမ်လည်ခံရတဲ့ဖြစ်စဉ်ဖြစ်ခဲ့တဲ့အတွက် ဒီလူ တွေဟာ ပွဲစားဖြစ်ပါတယ်။ ဒါကြောင့် အရေးယူဆောင်ရွက်နေတဲ့လုပ်ငန်းစဉ်တွေချပြပြီး အသိပေး ထားပါတယ်။ ဒါကြောင့် ပွဲစားတွေ ရုံးထဲမဝင်နိုင်အောင်လည်း ကြပ်မတ်စစ်ဆေးလျက်ရှိပါတယ်။ ဒါကို လည်းထပ်မံတိုးမြှင့်ဆောင်ရွက်သွားပါ့မယ်။ ဒါ့အပြင် လာရောက်လုပ်တဲ့လူတွေ သက်တမ်းတိုးတဲ့ လုပ်ငန်းနဲ့မူလအသစ်လျှောက်တဲ့လုပ်ငန်းတွေမှာ ဘယ်လိုအချက်တွေလိုတယ်ဆိုတာလည်း ဘုတ်တွေ နဲ့ထောင်ထားပါတယ်။ ဒါလည်းလိုအပ်ချက်ရှိတယ်ဆိုရင် ပြင်ပနေရာတွေမှာလည်း ထပ်မံတိုးချဲ့ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မိုးညှင်းမြို့နယ်တွင် လိုအပ်လျက်ရှိသော မက်သဒုန်းတိုက်ကျွေးရေးဌာနကို တိုးချဲ့ဖွင့်လှစ်ပေးရန်နှင့် ပြန်လည်ထူထောင်ရေးစခန်းဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်စန်းစန်းအိ(မိုးညှင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ကချင် ပြည်နယ်၊ မိုးညှင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိ ဖြစ်ပါတယ်ရှင်။ လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ လူသားထုတစ်ရပ်လုံးကို ခြိမ်းခြောက်လျက်ရှိတဲ့ မူးယစ်ဆေးဝါးအန္တရာယ် ကြောင့်မို့လို့ လူငယ်တို့အတွင်းမှာပျံ့နှံ့နေတဲ့ အကျင့်စာရိတ္တပျက်စီးမှု၊ ဒုစရိုက်မှုတွေ ကျူးလွန်နေမှုတို့ ကိုကာကွယ်နိုင်ရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် လူငယ်တို့ရဲ့စွမ်းအားအရင်းအမြစ်တွေ ပြုစု ပျိုးထောင်ပေးနိုင်ရန် မက်သဒုန်းတိုက်ကျွေးရေးစင်တာများကို တိုးချဲ့ဖွင့်လှစ်ပေးရန်၊ ပြန်လည် ထူထောင်ရေးစခန်းများ ပြုလုပ်ပေးရန်ဆိုတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။ ကျွန်မတို့ မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာကွန်ဗင်းရှင်းသုံးခုရဲ့ ပြဋ္ဌာန်းချက်တွေကို သဘောတူလက်မှတ်ရေးထိုးထားခဲ့ပြီးတော့မှ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ အသိပညာပေးဆွေးနွေး ပွဲတွေ၊ မူးယစ်ဆေးဝါးဆိုင်ရာဥပဒေတွေအရ ဖမ်းဆီးအရေးယူခြင်းတွေကို ထိရောက်စွာဆောင်ရွက် နေတယ်လို့ဆိုပါတယ်။ ဒါပေမဲ့လို့လည်း ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုတားဆီးရေးရုံးရဲ့ ၂၀၁၆ ခုနှစ်မှာထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာမှာ ဘိန်းထုတ်လုပ်မှုမှာ မြန်မာနိုင်ငံဟာ ဒုတိယအမြင့်ဆုံး ဖြစ်ပြီးတော့မှ ကမ္ဘာ့ထုတ်လုပ်မှုရဲ့ ၁၄ ရာခိုင်နှုန်းဟာ မြန်မာနိုင်ငံကနေ တရားမဝင်ထုတ်လုပ် နေတယ်လို့လည်း သိရှိရပါတယ်။ မြန်မာနိုင်ငံရဲ့လူဦးရေသန်းခေါင်စာရင်းအရ လူဦးရေ ၄၇.၉၉ မူကြမ်း

ရာခိုင်နှုန်းဟာ လူငယ်၊ အသက် ၁၀ နှစ် အထက်နှင့် အသက် ၃၄ နှစ်ကြားမှာရှိတဲ့ လူငယ်တွေ ဖြစ်တယ်ဆိုတာ သိရှိရပြီးတော့မှ မြန်မာနိုင်ငံရဲ့ လူငယ်ထုတွေအတွက်ကလည်း မူးယစ်ဆေးဝါး အန္တရာယ် ဘယ်လောက်ထိကြီးမားနေတယ်ဆိုတာ ကျွန်မတို့ ခန့်မှန်းသိရှိနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံရဲ့လူငယ်အရင်းအမြစ်တွေ မပျက်စီး နိုင်ဖို့အတွက် နိုင်ငံရဲ့အနာဂတ်ကိုပိုင်စိုးသော မျိုးဆက်သစ်လူငယ်များ ကျန်းကျန်းမာမာဘေးကင်း လုံခြုံစွာနဲ့ စိတ်ဓာတ်ကြံ့ခိုင်စွာကြီးပြင်းလာစေရေး၊ နိုင်ငံ့တာဝန်တွေကို အသင့်လွှဲပြောင်းတာဝန် ထမ်းဆောင်နိုင်ရေးတို့အတွက် မူးယစ်ဆေးဝါးအမှောင်ထုကြီးကို ရှင်းလင်းဖယ်ရှားပေးဖို့အတွက် လည်း အရေးကြီးပါတယ်လို့ တိုက်တွန်းနှိုးဆော်ထားခဲ့တဲ့စကားလည်းရှိပါတယ်။ ဒီစကားတွေကြောင့် မို့လို့ မူဝါဒလုပ်ငန်းစဉ်တစ်ခုကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့အတွက် လူငယ်ရေးရာမူဝါဒ တစ်ရပ်ကိုလည်း ရေးဆွဲထားခဲ့တယ်ဆိုတာကိုလည်း သိရှိရပါတယ်။ အဲဒီလူငယ်ရေးရာမူဝါဒ စာအုပ်ထဲမှာပါရှိတာကတော့ မူးယစ်ဆေးဝါးကြောင့်မို့လို့ နိုင်ငံရဲ့လူအရင်းအမြစ်တွေ မပျက်စီးစေနိုင် ဖို့အတွက် လူငယ်တွေ လုပ်ငန်းခွင်နှင့် ပညာရေးပေါင်းစပ်တဲ့သင်ကြားမှု အခွင့်အရေးတွေရရှိနိုင်ဖို့ အတွက် လူငယ်တို့ကိုခြိမ်းခြောက်လျက်ရှိတဲ့ မူးယစ်ဆေးဝါးပြဿနာနဲ့ ကူးစက်ရောဂါတွေလျှော့ချနိုင် စေဖို့အတွက် ကျန်းမာရေးအသိပညာတွေမြှင့်တင်ပေးရန်ဆိုတဲ့ ရည်ရွယ်ချက်တွေလည်းပါရှိတယ်လို့ သိရှိရပါတယ်။ ဒီလိုမူဝါဒရည်မှန်းချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ ရှင်းလင်း တိကျတဲ့ဗျူဟာတွေ၊ လိုအပ်တဲ့အရင်းအမြစ်တွေ ပံ့ပိုးပေးခြင်းနှင့် လက်တွေ့အောင်မြင်မှု အတိုင်း အတာကို ဆန်းစစ်တဲ့ယန္တရားတွေကလည်း ဟန်ချက်ညီလှုပ်ရှားဖို့အတွက် လိုအပ်ပါတယ်။ ကျွန်မတို့ ကချင်ပြည်နယ်ဟာ မြန်မာနိုင်ငံရဲ့ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာ အမြင့်ဆုံးရှိတယ်လို့လည်း စစ်တမ်းတွေ အရသိရှိရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကချင်ပြည်နယ်ရဲ့ မူးယစ် ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ် တွေမှာ အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းတွေ၊ အစိုးရဆိုင်ရာအဖွဲ့အစည်းတွေနဲ့ NGO, INGO တွေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ လုပ်ငန်းတွေကိုလည်း အများကြီးတွေ့ရှိရမှာဖြစ်ပါတယ်။ မိုးညှင်းမြို့နယ် မေတ္တာဖောင်ဒေးရှင်းရဲ့ ၂၀၁၇ ခုနှစ် ကောက်ယူထားတဲ့ စာရင်းများအရ မူးယစ်ဆေးသောက်သုံးရုံ၊ ရှူရုံမဟုတ်ဘဲနဲ့ အကြောထဲကို ထိုးသွင်းတဲ့လူနာတွေက အင်းတော်ကြီးဒေသရဲ့အရှေ့ဘက်ခြမ်းတွေမှာ ဆိုလို့ရှိရင် ၁၈ နှစ်အောက်က ၃၀၂၃ ဦး၊ ၁၈ နှစ်အထက်လူဦးရေက ၆၀၆၀ ဦး၊ အင်းတော်ကြီးရဲ့ အနောက်ဘက်ခြမ်းကျေးရွာတွေမှာဆိုလို့ရှိရင် ၁၈ နှစ်အောက်က ၁၀၀၄ ဦး၊ ၁၈ နှစ်အထက်က ၄၀၂၀ ဦး၊ မိုးညှင်းဒေသတွေမှာဆိုလို့ရှိရင် ၁၉၉၈ ဦးတို့တွေဟာ အကြောထဲမှာထိုးသွင်းပြီးတော့မှ ဆေးဝါးတွေကို သုံးစွဲနေကြတယ်လို့ ကျွန်မတို့က စာရင်းတွေ သိရှိထားရပါတယ်။

အဲဒီလို စာရင်းတွေသိရှိထားပေမဲ့လို့ မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွေအဖြစ် ကို ခုတင် ၁၀၀ ဆေးရုံမှာ မက်သဒုန်းဆေးရယူနိုင်ဖို့အတွက် စင်တာတစ်ခုရယ်၊ ၂၅ ခုတင်ဆံ့ ဟိုပင် ဆေးရုံမှာ စင်တာတစ်ခုရယ်ပဲ ဖွင့်လှစ်ထားပြီးတော့မှ အဲဒီစင်တာမှာ လူဦးရေ ၁၀၀၀ လောက်ကိုပဲ နေ့စဉ်နံနက် ၈ နာရီကနေ ၁၂ နာရီအထိ ဆေးတိုက်ကျွေးတာတွေ့ရှိရပါတယ်။ မိုးညှင်းမြို့နယ်ရဲ့ တရားစီရင်ရေးဆိုင်ရာမှတ်တမ်းများအရ အမှုပေါင်း ၃၂၈ မှုရှိပါ တယ်။ အဲဒီအမှုမှာ ၂၄၇ မှုက မူးယစ် မှုတွေဖြစ်ပါတယ်။ အဲဒီမူးယစ်မှုတွေမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော

ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅ နှင့် ၁၆ အရ ဒီဆေးသုံးစွဲနေတဲ့ လူငယ်တွေလည်း အများကြီး ဖမ်းဆီးခံထားရတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းကို မေးမြန်းရတဲ့နေရာမှာ မူးယစ်ဆေးဝါးတွေကို လျှင်မြန်လွယ်ကူစွာရရှိနိုင်ဖို့အတွက်ကို ချောင်းဝတိုက်နယ်ဆေးရုံ၊ နမ္မားတိုက်နယ်ဆေးရုံနဲ့ အင်းတော်ကြီးအရှေ့ဘက်ခြမ်း နန်မွန်းတိုက်နယ်ဆေးရုံတွေမှာ ဆေးတိုက်ကျွေးနိုင်တဲ့စင်တာတွေ ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိကို သိရှိလိုပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ မိုးညှင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားသွားပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီးတော့ ယင်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၁၉၇၆ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ အဆိုပါမူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့မှာ အဖွဲ့ဝင် ၁၆ ဦးနဲ့ ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်များ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက်ကို လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ဆေးကုသရေးအဖွဲ့မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီးတော့ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင် ခုနစ်ဦးနဲ့ဖွဲ့စည်းထားရှိပါတယ်။ ဆေးကုသရေးအဖွဲ့ဟာ တစ်နိုင်ငံလုံးမှာရှိတဲ့ မူးယစ်ဆေးစွဲရောဂါကုဌာနကြီး ၂၆ ခု၊ မူးယစ်ဆေးစွဲရောဂါကုဌာနငယ် ၄၇ ခုနှင့် လူငယ်များ ပြုစုပျိုးထောင်ရေးစခန်းနှစ်ခု စုစုပေါင်း ၇၅ ခုရှိပြီး မူးယစ်ဆေးစွဲသူများကို ဆေးကုသမှုပေးလျက်ရှိပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ကချင်ပြည်နယ်အတွင်းမှာ မူးယစ်ဆေးစွဲလူနာများအတွက် မက်သဒုန်းဆေးခန်း ၁၅ ခုဖွင့်လှစ်ထားရှိပြီး ၂၀၁၂ ခုနှစ်က စတင်ပြီး မိုးညှင်းခရိုင်အတွင်းမှာရှိတဲ့ မိုးညှင်းပြည်သူ့ဆေးရုံကြီးနဲ့ ဟိုပင်ပြည်သူ့ဆေးရုံတို့မှာ မက်သာဒုန်းဆေးခန်းများ ဖွင့်လှစ်ပြီး မူးယစ်ဆေးစွဲရောဂါလူနာများကို ကုသပေးလျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း မက်သဒုန်းဆေးရည်သောက်၍ ဆေးကုသမှုခံယူသူ မိုးညှင်းပြည်သူ့ဆေးရုံမှာ ၅၁၁ ဦး၊ ဟိုပင်ပြည်သူ့ဆေးရုံမှာ ၅၂၈ ဦး ရှိပါတယ်။ အဆိုပါလူနာများအနက် မိုးညှင်းပြည်သူ့ဆေးရုံမှာ မက်သဒုန်းဆေးရည်သောက်သုံးသူ နမ္မားကျေးရွာအုပ်စုမှာ လူနာ ၄၀၊ ဟိုပင်ပြည်သူ့ဆေးရုံမှာ နန့်မွန်းကျေးရွာအုပ်စုမှာ လူနာ ၃၄ ဦးပါရှိတဲ့အတွက်ကြောင့်မို့လို့ မက်သဒုန်းဆေးခန်းများကို နမ္မားတိုက်နယ်ဆေးရုံနှင့် နန့်မွန်းတိုက်နယ်ဆေးရုံတို့မှာ တိုးချဲ့ဖွင့်လှစ်နိုင်ရေးကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ပေါင်းစပ်ဖြေကြားချက်အရ ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ပြန်လည်ထူထောင်ရေးအဖွဲ့မှာတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ အဖွဲ့ဝင်ခြောက်ဦးဖြင့် ဖွဲ့စည်းထားရှိပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားတဲ့ ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ တောင်ကြီး၊ မြဝတီ၊ ကော့သောင်းမြို့နယ်များမှာရှိတဲ့ ပြန်လည်ထူထောင်ရေးစခန်းများနှင့် မူးယစ်ဗဟိုမှတိုက်ရိုက်ကြီးကြပ်သော လူငယ်များ ပြုစုပျိုးထောင်ရေးစခန်းသုံးခု စုစုပေါင်း ၁၂ ခုမှာ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စေတနာ့ဝန်ထမ်းများ၊ မူးယစ်ကြီးကြပ်ရေးမှူးများ မွေးထုတ်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရပ်ရွာအခြေပြုမူးယစ်ဆေးဖြတ်သူများ ပြန်လည်ထူထောင်ရေးသင်တန်းတွေကိုလည်း အသက်မွေးဝမ်းကျောင်းပညာသင်တန်းများနှင့်ပူးတွဲပြီး လားရှိုး၊ တာချီလိတ်၊ ကျိုင်းတုံ၊ ပြင်ဦးလွင်၊ ထားဝယ်မြို့နယ်များမှာ ဖွင့်လှစ်လျက်ရှိရာမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ငါးကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၁၈၈ ဦး တက်ရောက်ခဲ့ပါတယ်။ ဒါ့အပြင် မြစ်ကြီးနားနှင့်တနိုင်းမြို့တွေမှာလည်း ရပ်ရွာအခြေပြုမူးယစ်ဆေးဖြတ်သူများ ပြန်လည်ထူထောင်ရေးသင်တန်းများကို ဆက်လက်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ကချင်ပြည်နယ်အတွင်းမှာ မြစ်ကြီးနားမြို့မှာ မူးယစ်ဆေးဖြတ်သူများ ပြန်လည်ထူထောင်ရေးစခန်း ဖွင့်လှစ်ထားခြင်း၊ သင်တန်းဆင်းပြီး ပြန်လည်ထူထောင်မှုခံယူပြီးသူများအား နောက်ဆက်တွဲစောင့်ရှောက်ရန် စေတနာ့ဝန်ထမ်း၊ မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းနှင့် ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းများကို ဖွင့်လှစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်တဲ့အတွက် မိုးညှင်းမြို့နယ်ပြန်လည်ထူထောင်ရေးစခန်းဖွင့်လှစ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ပေါင်းစပ်ဖြေကြားချက်အရ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ညောင်လေးပင်မြို့နယ်တွင် မီးသတ်တပ်ဖွဲ့စခန်း(ခွဲ)တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း(ညောင်လေးပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း ဖြစ်ပါတယ်။ ညောင်လေးပင်မြို့မှ မီးသတ်တပ်ဖွဲ့စခန်း(ခွဲ)ဖွင့်လှစ်ရေးနဲ့စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းမှာဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်လေးပင်မြို့နယ်ဟာ ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်အခြမ်းမှာရှိပါတယ်။ ညောင်လေးပင်မြို့ကတော့ ရန်ကုန်-မန္တလေး ကားလမ်းမတစ်လျှောက် မိုင်တိုင် ၉၇ ကနေပြီး

တော့ မိုင်တိုင် ၁၀၀ ကြားမှာတည်ရှိပါတယ်။ မြို့မရပ်ကွက် ငါးခုရှိပါတယ်။ ရန်ကုန်-မန္တလေး မီးရထား လမ်းက မြို့လယ်လောက်ကဖြတ်သန်းပြီးတော့ မော်တော်ကားလမ်းကို ကန့်လန့်ဖြတ်သွားနေတဲ့ အတွက် မြို့ဟာ ရထားလမ်းအရှေ့ခြမ်းနဲ့ အနောက်ခြမ်းဆိုပြီး ခွဲခြားထားသလိုဖြစ်နေပါတယ်။ ရထားလမ်းရဲ့အရှေ့ခြမ်းမှာ မြို့မ(၁)(၂)(၃)ရပ်ကွက်သုံးခုရှိပြီး အိမ်ထောင်စုပေါင်း ၃၃၅၄ စု၊ လူဦးရေ ၁၅၂၀၀ ကျော်ရှိပါတယ်။ အိမ်ထောင်စု ၃၅၉၄ စုနဲ့ လူဦးရေ ၁၅၄၀၀ ကျော်ရှိတဲ့ ကျေးရွာပေါင်း ၇၀၀ နဲ့လည်း ဆက်စပ်လျက်ရှိပါတယ်။ မဒေါက်မြို့၊ ပြွန်တန်ဆာမြို့တို့နဲ့လည်း ဆက်သွယ်လျက်ရှိပါတယ်။ ရထားလမ်းရဲ့အနောက်ဘက်အခြမ်းမှာ မြို့မ(၄)နဲ့ မြို့မ(၅)ရပ်ကွက်ဆိုတာရှိပြီးတော့ အိမ်ထောင်စု ပေါင်း ၂၇၀၀ ကျော်၊ လူဦးရေ ၁၁၆၀၀ ကျော်ရှိပါတယ်။ အိမ်ထောင်စုပေါင်း ၃၆၀၀ ကျော်နှင့် လူဦးရေ ၁၅၀၀၀ ကျော်ခန့်ရှိတဲ့ကျေးရွာပေါင်း ၅၀၀ နဲ့လည်း ဆက်စပ်လျက်ရှိပြီးတော့ ပိန်းဇလုပ်မြို့ နဲ့လည်း ဆက်စပ်လျက်ရှိပါတယ်။ ဒါ့အပြင် သစ်တောရုံး၊ ဆည်မြောင်းရုံး၊ စိုက်ပျိုးရေးရုံး၊ စက်မှုလယ်ယာအထက်တန်းကျောင်းများ၊ တန်တရာဆန်စက်၊ ဘုန်းတော်ကြီးကျောင်းများနဲ့ အသစ် တိုးတက်ဖြစ်ပေါ်လာတဲ့ လယ်ယာသုံးစက်ကိရိယာအရောင်းပြခန်းများ၊ ဆန်စက်၊ ဆီစက်များ၊ ပဲ၊ စပါး ပွဲရုံများ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် အိမ်ခြေများလည်း တိုးပွားလျက်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်လေးပင်မြို့ မီးသတ်တပ်ဖွဲ့စခန်း ရန်ကုန်-မန္တလေး ကားလမ်းဘေး ညောင်လေးပင်မြို့မဈေးနှင့် **ဒပလယ်ဂို့** ရထားလမ်းရဲ့အရှေ့ဘက် ကိုက် ၇၀၀ ခန့်အကွာမှာ တည်ရှိ ပါတယ်။ ရထားဖြတ်သွားလို့ လမ်းပိတ်တဲ့အခါမှာ အချိန်အနည်းဆုံး ၁၀ မိနစ်ကနေပြီးတော့ နာရီဝက် နီးပါး ကြာတတ်ပြီးတော့ တစ်ရက်မှာလည်း အခါ ၂၀ လောက်လမ်းပိတ်လျက်ရှိပါတယ်။ လမ်းပြန်ဖွင့် တဲ့အခါမှာလည်း မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ အနေးယာဉ်များပိတ်ဆို့နေတတ်ခြင်းကြောင့် ကားလမ်းဟာလည်း လိုအပ်တာထက်ပိုပြီးတော့ ကြန့်ကြာပိတ်ဆို့နေတတ်ပါတယ်။ မီးဘေးအန္တရာယ် ဖြစ်ပေါ်လာလို့ရှိရင် မီးသတ်ယာဉ်များ မီးလောင်ရာကို အချိန်မီ အလျင်အမြန်ရောက်ရှိဖို့ဆိုတာ ခက်ခဲ နေပါတယ်။ အနောက်ဘက်ခြမ်းအတွက်ဆိုရင် ပိုပြီးတော့ခက်ခဲပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ညောင်လေးပင်မြို့ မီးသတ်တပ်ဖွဲ့စခန်းမှာ တပ်ဖွဲ့ဝင်အင်အား ၂၂ ဦး၊ အရန်အင်အား ၅၀ ဦး စုစုပေါင်း ၇၂ ဦးရှိပြီးတော့ မီးငြိမ်းသတ်ယာဉ် ၄ စီး၊ မီးသတ်ရေသယ်ယာဉ် ၅ စီး၊ အပေါ့စားရေစုပ် စက် ၅ လုံးရှိတဲ့အတွက် မီးသတ်စခန်းခွဲတစ်ခုဖွင့်လှစ်ရန် အင်အားပြည့်စုံလုံလောက်တယ်လို့လည်း သိရှိရပါတယ်။ မီးသတ်စခန်းခွဲဖွင့်လှစ်နိုင်ရန် သင့်တော်တဲ့နေရာလည်း မြို့မ(၅)ရပ်ကွက် ရထားလမ်း ရဲ့အနောက်ခြမ်း ရန်ကုန်-မန္တလေး ကားလမ်းညာဘက်မှာရှိပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနလက်ဝယ်မှာ တည်ရှိပါတယ်။ ဒီမြေကွက်မှာ ကုန်လှောင် ရုံတစ်လုံးအပါအဝင် ဧက ၁.၁ ကျယ်ဝန်းပြီးတော့ မည်သည့်လုပ်ငန်းမျှ လုပ်ဆောင်ထားခြင်းလည်း မရှိပါ။ ယာဉ်ဝင်/ထွက်သွားလာရန် လွယ်ကူအဆင်ပြေပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု အခါမှာ ရထားလမ်းအနောက်ဘက်ခြမ်း မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ပြည်သူများရဲ့ တောင်းဆိုချက်အရ ၁၈-၁-၂၀၁၈ ရက်နေ့ကစပြီး စက်မှုလယ်ယာဝင်းအတွင်းမှာ မီးသတ်ယာဉ် ၂ စီး၊ တပ်ဖွဲ့ဝင်အင်အား ၆ ဦးနဲ့ ယာယီစခန်းချ ဖွင့်လှစ်ထားရှိပါတယ်။ သို့သော်လည်း တိုးပွားလာတဲ့ ဓာတ်ဆီဆိုင်များ၊ စက်မှုလုပ်ငန်းများနှင့် စပါးပွဲရုံ၊ ပဲပွဲရုံများ၊ လူနေအိမ်ခြေများကြောင့် ရထားလမ်းရဲ့

အနောက်ဘက်ခြမ်းမှာ မီးသတ်တပ်ဖွဲ့စခန်း(ခွဲ)တစ်ခု အမြဲတမ်းထားရှိရန် အမှန်တကယ် လိုအပ်နေပါသောကြောင့် (၁) ညောင်လေးပင်မြို့ မီးရထားလမ်းအနောက်ဘက်ခြမ်းတွင် မီးသတ်တပ်ဖွဲ့စခန်း(ခွဲ)တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ (၂) ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် ဖွင့်လှစ်ပေးပါမည်နည်း၊ (၃) အစီအစဉ်မရှိပါက မည်သို့သောအကြောင်းများကြောင့်ပါလဲ စတဲ့ မေးခွန်းများကို ပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားသွားပါမယ်။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်မှာ ဦးစီးအရာရှိ ဦးစီးအင်အား ၉ ဦးပါဝင်တဲ့ မြို့နယ်မီးသတ်ဦးစီးမှူးရုံး ၁ ရုံး၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးစီးအင်အား ၂၈ ဦး၊ မီးငြိမ်းသတ်ယာဉ် ၂ စီး၊ မီးသတ်ရေယာဉ် ၁ စီး၊ မီးသတ်စက်ယာဉ် ၁ စီး စုစုပေါင်း မီးသတ်ယာဉ် ၄ စီးပါဝင်တဲ့ မြို့နယ်မီးသတ်စခန်းတစ်ခုတို့နဲ့ ဖွဲ့စည်းပုံခွင့်ပြုမိန့် ရရှိထားဆောင်ရွက်လျက်ရှိပါတယ်။ ညောင်လေးပင်မြို့နယ် မီးသတ်ဦးစီးမှူးရုံးမှာ ဦးစီးအရာရှိ ဦးစီးအင်အား ၅ ဦး၊ မြို့နယ်မီးသတ်စခန်းမှာ ဒုတိယမီးသတ်ဦးစီးမှူး ဦးစီးတဲ့ အင်အား ၂၀၊ မီးငြိမ်းသတ်ယာဉ် ၅ စီး၊ မီးသတ်ရေယာဉ် ၁ စီး စုစုပေါင်း မီးသတ်ယာဉ် ၆ စီး၊ အပေ့ါစားမီးသတ်စက် ၅ လုံးတို့နှင့် ညောင်လေးပင်မြို့ရဲ့ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ညောင်လေးပင်မြို့၊ မြို့မ ၄ ရပ်ကွက်မှာ မီးသတ်စခန်းဖွင့်လှစ်ရန်လိုအပ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းရရှိတာနဲ့ ကျွန်တော်တို့ မြေပြင်စစ်ဆေးမှုများ ဆောင်ရွက်တဲ့အခါမှာ အမှန်တကယ်ဖွင့်လှစ်ရန်လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့်လည်း ကွင်းအမှတ် ၁၉၆(ခ)၊ ငှက်ပျောတောကွင်း၊ ဦးပိုင်အမှတ် ၇၆/၂ မှာရှိတဲ့ စားသုံးသူရေးရာဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပိုင် မြေဧရိယာအပေါ်မှာ မီးသတ်စခန်းတစ်ခု ဖွင့်လှစ်ရန် သင့်တော်တဲ့အတွက်မို့လို့ ၎င်းမြေနေရာလွှဲပြောင်းရရှိရေးကို ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့မှာ ကျွန်တော်တို့ ညှိနှိုင်းပေးပို့ ဆောင်ရွက်လျက်ရှိပါတယ်။ မီးသတ်ဦးစီးဌာန အမည်ပေါက်ရရှိတာနဲ့ နယ်မြေမီးသတ်စခန်းတစ်ခု ဖွင့်လှစ်နိုင်ရေးအတွက် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိရေးကိုလည်း ကျွန်တော်တို့ ဆက်လက်တင်ပြ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နေစဉ်မှာပင် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်ကျရောက်ပါက အချိန်မီမီးသတ်နိုင်ရေးဆောင်ရွက်နိုင်ဖို့အတွက် ညောင်လေးပင်မြို့နယ် မီးသတ်စခန်းမှာရှိတဲ့ မီးသတ်ယာဉ် ၅ စီးအနက် ဒေါင်ဖန်းမီးသတ်ယာဉ် တစ်စီး၊ တီအီးမီးငြိမ်းသတ်ယာဉ် တစ်စီး စုစုပေါင်း နှစ်စီးနှင့် လက်ထောက်မီးသတ်ဦးစီးမှူးဦးစီးတဲ့ တပ်ဖွဲ့ဝင်ခြောက်ဦးကို ထုတ်နှုတ်ပြီး မြို့မ ၄ ရပ်ကွက်

စက်မှုလယ်ယာဝင်းအတွင်းမှာ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့က စတင်ပြီးတော့ ယာယီနယ်မြေမီးသတ်စခန်းတစ်ခုကို ဖွင့်လှစ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

သို့ပါ၍ ညောင်လေးပင်မြို့ မီးရထားလမ်း၏အနောက်ဘက်အခြမ်းမှာရှိတဲ့ ရပ်ကွက်ကျေးရွာများ၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့မ ၄ ရပ်ကွက် စက်မှုလယ်ယာဝင်းအတွင်း ယာယီနယ်မြေမီးသတ်စခန်းကို ဖွင့်လှစ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်းနှင့် နယ်မြေမီးသတ်စခန်းတစ်ခု ဖွင့်လှစ်ခွင့်ရရှိရေးအတွက် မြေနေရာရရှိရေးနှင့် ဖွဲ့စည်းခွင့်ရရှိရေးတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပြီးတဲ့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းကို ၁၂-၉-၂၀၁၆ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာ တင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏တာဝန်ပေးချက်အရ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းကို လွှတ်တော်သို့ လေ့လာတွေ့ရှိချက်အစီရင်ခံစာ ဖတ်ကြားသွားမှာဖြစ်ပါတယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈- ၉၀

ရက် စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေ ဖော် ဝါ ရီ လ ၁၄ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၁၂-၉-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ- ၁) ၁/ ၂၀၁၆- ၂၉၅

(၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၁-၈-၂၀၁၆ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၂-၉-၂၀၁၆ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

(၂) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဥပဒေကြမ်းကို ပညာရေးဝန်ကြီးဌာနက အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် သိပ္ပံ၊ နည်းပညာဖွံ့ဖြိုးရေးဥပဒေ(၅/၉၄)ကိုရုပ်သိမ်း၍ ဥပဒေကြမ်းအသစ်ကို ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(က) အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် ကုန်ထုတ်လုပ်ငန်းတိုးတက်ရေး ဆောင်ရွက်နိုင်ရန်၊

(ခ) စွမ်းအင်၊ ဓာတ်သတ္တုနှင့် အခြားသယံဇာတအရင်းအမြစ်များ စနစ်တကျထုတ်ယူသုံးစွဲနိုင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် ခေတ်မီသိပ္ပံနှင့် နည်းပညာကိုအခြေခံကျသည့် သုတေသနဖွံ့ဖြိုးမှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်တွင်းထုတ်လုပ်မှု တိုးတက်မြင့်မားပြီး နိုင်ငံတကာဈေးကွက်တွင် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ရေးအတွက် သုတေသနရလဒ်များမှ နည်းပညာပြန့်ပွားရေးနှင့် နည်းပညာလွှဲပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊

(ဃ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်ပညာရှင်များ စဉ်ဆက်မပြတ်ရရှိရန် လေ့ကျင့်ပညာပေးခြင်းကို ဆောင်ရွက်နိုင်ရန်၊

(င) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများ၊ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုလုပ်ငန်းနယ်ပယ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အောင်မြင်တိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပရှိ သုတေသနဌာနများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများအကြား အချင်းချင်းဆက်သွယ် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုနယ်ပယ်မှ ထူးချွန်သော ပညာရှင်များနှင့် ဆန်းသစ်တီထွင်သူများအား ဂုဏ်ပြုချီးမြှင့်နိုင်ရန်၊ ယင်းတို့၏ မူပိုင်ခွင့်များကို အလေးထားရန်၊ အကာအကွယ်ပေးရန်နှင့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိစေရန်၊

(ဆ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ရန်ပုံငွေဖြင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု လုပ်ငန်းနယ်ပယ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်းသစ်တီထွင်မှုများနှင့် ဈေးကွက်စီးပွားရေးကိုအားပေးသော သုတေသနလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ရေးဆွဲတင်ပြလာခြင်းဖြစ်ပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၉-၁-၂၀၁၈ ရက်နေ့၊ ၂၀-၁-၂၀၁၈ ရက်နေ့၊ ၂၂-၁-၂၀၁၈ ရက်နေ့ ၊ ၂၅-၁-၂၀၁၈ ရက်နေ့နှင့် ၇-၂-၂၀၁၈ ရက်နေ့တို့တွင် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များကို လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများထံ ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်သူ့လွှတ်တော်
# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈- ၉၀

ရက် စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေ ဖော် ဝါ ရီ လ ၁၄ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၁၂-၉-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ- ၁)၁/ ၂၀၁၆- ၂၉၅

(၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၁-၈-၂၀၁၆ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၂-၉-၂၀၁၆ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့ လွှတ်တော်၌ ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

(၂) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဥပဒေကြမ်းကို ပညာရေးဝန်ကြီးဌာနက အောက်ဖော်ပြ ပါရည်ရွယ်ချက်များဖြင့် သိပ္ပံ၊ နည်းပညာဖွံ့ဖြိုးရေးဥပဒေ(၅/၉၄)ကိုရုပ်သိမ်း၍ ဥပဒေကြမ်းအသစ်ကို ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(က) အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် ကုန်ထုတ် လုပ်ငန်းတိုးတက်ရေး ဆောင်ရွက်နိုင်ရန်၊

(ခ) စွမ်းအင်၊ ဓာတ်သတ္တုနှင့် အခြားသယံဇာအရင်းအမြစ်များ စနစ်တကျထုတ်ယူသုံးစွဲ နိုင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အတွက် ခေတ်မီသိပ္ပံနှင့် နည်းပညာကိုအခြေခံကျသည့် သုတေသနဖွံ့ဖြိုးမှုလုပ်ငန်း များကို တိုးချဲ့ဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားပြီး နိုင်ငံတကာဈေးကွက်တွင် ရင်ပေါင် တန်းယှဉ်ပြိုင်နိုင်ရေးအတွက် သုတေသနရလဒ်များမှ နည်းပညာပြန့်ပွားရေးနှင့် နည်းပညာလွှဲပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊

(ဃ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု လုပ်ငန်းများအတွက် ကျွမ်းကျင်ပညာရှင်များ စဉ်ဆက်မပြတ်ရရှိရန် လေ့ကျင့်ပညာပေးခြင်းကို ဆောင်ရွက်နိုင်ရန်၊

( င) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများ၊ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုလုပ်ငန်းနယ်ပယ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်တိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပရှိသုတေသနဌာနများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများအကြား အချင်းချင်းဆက်သွယ် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

( စ) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုနယ်ပယ်မှ ထူးချွန်သောပညာရှင်များနှင့် ဆန်းသစ်တီထွင်သူများအား ဂုဏ်ပြုချီးမြှင့်နိုင်ရန်၊ ယင်းတို့၏ မူပိုင်ခွင့်များကို အလေးထားရန်၊ အကာအကွယ်ပေးရန်နှင့် ထိုက်သင့်သောအကျိုးခံစားခွင့်များ ရရှိစေရန်၊

(ဆ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုရန်ပုံငွေဖြင့် သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှု လုပ်ငန်းနယ်ပယ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်းသစ်တီထွင်ဖန်တီးမှုများနှင့် ဈေးကွက်စီးပွားရေးကိုအားပေးသော သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၉-၁-၂၀၁၈ ရက်နေ့၊ ၂၀-၁-၂၀၁၈ ရက်နေ့၊ ၂၂-၁-၂၀၁၈ ရက်နေ့ ၊ ၂၅-၁-၂၀၁၈ ရက်နေ့ နှင့် ၇-၂-၂၀၁၈ ရက်နေ့တို့တွင် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းတွင် အခန်း(၁၂)ခန်းနှင့်အပိုဒ်ပေါင်း ၃၃ ပိုဒ် ပါရှိပါသည်။

(ခ) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အချက် ၄၈)ချက်ကို သဘောတူလက်ခံပါသည်။

(ဂ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)**

**၁၃၇၉ ခုနှစ်၊  လ  ရက်**

**(၂၀၁၈ ခုနှစ်၊  လ  ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(ဃ) အပိုဒ် ၁ ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(င) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)ရှိ ပိုမိုကောင်းမွန်သော၊ ကွဲပြားခြားနားသော၊ အဖိုးတန်သော စိတ်ကူးများဖြင့်ဆိုသည့် စကားရပ်ကို ပိုမိုကောင်းမွန်ပြီး ကွဲပြားခြားနားသောစိတ်ကူးများဖြင့်ဟု ပြင်ဆင်ပါသည်။

(စ) အပိုဒ် ၂ အပိုဒ်ခွဲ(င)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု လုပ်ငန်းများဆိုသည်မှာ သိပ္ပံပညာရပ်နယ်ပယ်တွင် လက်တွေ့အသုံးပြုလျက်ရှိသည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်စေရန် ဆောင်ရွက်သည့် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ လေ့ကျင့်သင်ကြားရေးလုပ်ငန်းများ၊ ဝန်ဆောင်မှု လုပ်ငန်းများ၊ ထုတ်လုပ်မှုလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများကို ဆိုသည်။

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ(စ)ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများမှဆိုသည့်စကားရပ်ကို တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများကဟု ပြင်ဆင်ပါသည်။

(ဇ) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဆ) ဝန်ဆောင်မှုလုပ်ငန်းများဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုကိုအခြေခံသည့် အသိပညာနှင့် အတတ်ပညာများပါဝင်သော အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုကို တစ်နည်းနည်းဖြင့် အသုံးချဆောင်ရွက်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် အကြံပေးခြင်းလုပ်ငန်းများကိုဆိုသည်။

(ဈ) အပိုဒ် ၂ အပိုဒ်ခွဲ(ဈ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဈ) သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများဆိုသည်မှာ သိပ္ပံနည်းကျစွာ စူးစမ်းလေ့လာမှုများကို လက်တွေ့ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် တွေ့ရှိချက်များအပေါ် ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်သည့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်ဖော် ထုတ်ပေးသည့်လုပ်ငန်းများကိုဆိုသည်။

(ည) အပိုဒ် ၂ အပိုဒ်ခွဲ(ဋ)ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(ဍ) အပိုဒ် ၂ အပိုဒ်ခွဲ(ဍ)နှင့်(ဎ)တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဍ) ကော်မတီဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ၏ အောက်တွင် ပညာရပ်နယ်ပယ် တစ်ခုချင်းအလိုက် သက်ဆိုင်ရာကျွမ်းကျင် ပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့ကိုဆိုသည်။

(ဎ) ကောင်စီရုံးဆိုသည်မှာ ကောင်စီနှင့်သက်ဆိုင်သည့် ရုံးလုပ်ငန်းတာဝန်များကို စီစဉ်ဆောင်ရွက်ပေးရသည့် ရုံးကိုဆိုသည်။

(ဌ) အပိုဒ် ၂ အပိုဒ်ခွဲ(ဏ)ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(ဍ) အပိုဒ် ၂ အပိုဒ်ခွဲ(တ)ရှိ တာဝန်ခံဝန်ကြီးဌာနဆိုသည့် စကားရပ်ကို ဝန်ကြီးဌာနဟု ပြင်ဆင်ပါသည်။

(ဎ) အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(က)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာလုပ်ငန်းများဖွံ့ဖြိုးလာစေရန်၊

(ဏ) အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)နှင့်(င)တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများတွင် ကျွမ်းကျင်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရေးအတွက် လေ့ကျင့်ပညာပေးခြင်းကို ဆောင်ရွက်နိုင်ရန်၊

(င) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများ၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ပညာရပ်နယ်ပယ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ အောင်မြင်တိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပရှိ သုတေသနဌာနများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများအကြား အချင်းချင်းဆက်သွယ် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(တ) အပိုဒ် ၃ အပိုဒ်ခွဲ(စ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ပညာရပ်နယ်ပယ်မှ ထူးချွန်သော ပညာရှင်များနှင့် ဆန်းသစ်တီထွင်သူများအား ဂုဏ်ပြုချီးမြှင့်နိုင်ရန်၊ ထိုက်သင့်သော အကျိုးခံစားခွင့်များရရှိစေရန်နှင့် ယင်းတို့၏ဆန်းသစ်တီထွင်မှုများကို အကာအကွယ်ပေးရန်၊

(ထ) အပိုဒ် ၃ အပိုဒ်ခွဲ(ဆ)ရှိ ဆန်းသစ်တီထွင်မှု ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆိုသည့် စကားရပ်ကို ဆန်းသစ်တီထွင်မှု ရန်ပုံငွေဖြင့်ဟု ပြင်ဆင်ပါသည်။

(ဒ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၃ အပိုဒ်ခွဲ(ဇ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဇ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို အခြေခံသည့်အဖွဲ့အစည်း၊ လုပ်ငန်း၊ ဌာန၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံ၊ သက်မွေးပညာ သင်တန်းကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်းများတွင် သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုပြပွဲ၊ ပြိုင်ပွဲများ၊ ဟောပြောပွဲများ၊ ကျင်းပရေး စီစဉ်ဆောင်ရွက်နိုင်ရန်။

(ဓ) အခန်း (၃) ခေါင်းစဉ်ကို အဆိုပြုပြဌာန်းချက်အတိုင်းထားရှိပါသည်။

(န) အပိုဒ် ၄ အပိုဒ်ခွဲ(က)ရှိ ဆန်းသစ်တီထွင်မှုဆိုင်ရာဖွံ့ဖြိုးရေးကောင်စီကို ဆိုသည့် စကားရပ်ကို ဆန်းသစ်တီထွင်မှုကောင်စီကိုဟု ပြင်ဆင်ပါသည်။

(ပ) အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၅)နှင့်(၆) တို့ကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

(က)(၅) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှု ပညာ အဖွဲ့ဝင်များ ရပ်နယ်ပယ်အလိုက် ထင်ပေါ်ကျော်ကြားသည့် ကျွမ်းကျင်ပညာရှင်များ

(၆) ပညာရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး အတွင်း သို့မဟုတ် အမြဲတမ်းအတွင်းဝန် ရေးမှူး

(ဖ) အပိုဒ် ၅ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅။ ကောင်စီ၏ သက်တမ်းသည် ပြည်ထောင်စုအစိုးရ၏သက်တမ်းနှင့်အညီ ဖြစ်သည်။

(ဗ) အခန်း(၄) အပိုဒ် ၇ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများက ဆောင်ရွက်လျက်ရှိသည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လမ်းညွှန်ခြင်း၊ အားပေးခြင်း၊ အထောက်အကူပြုခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဘ) အပိုဒ် ၇ အပိုဒ်ခွဲ(ဂ)ကို အဆိုပြုပြဌာန်းချက်အတိုင်းထားရှိပါသည်။

(မ) အပိုဒ် ၇ အပိုဒ်ခွဲ(ဃ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) ပညာအရည်အသွေးဆိုင်ရာ အားနည်းချက်များကို ဖော်ထုတ်ပြင်ဆင်၍ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံကျောင်းများနှင့် လူမှုနယ်ပယ်

အသီးသီးမှ အလားအလာကောင်းသော ကျောင်းသားများနှင့် ဝန်ထမ်းများအား သုတေသီများ၊ ပညာရှင်များအဖြစ် ပြုစုပျိုးထောင်ရာတွင် ပံ့ပိုးပေးခြင်း

(ယ) အပိုဒ် ၇ အပိုဒ်ခွဲ(င)ရှိ ဆန်းသစ်တီထွင်မှုဆိုင်ရာဖွံ့ဖြိုးရေးသုတေသနဌာနများ ဆိုသည့်စကားရပ်ကို ဆန်းသစ်တီထွင်မှုဆိုင်ရာသုတေသနဌာနများဟု ပြင်ဆင်ပါသည်။

(ရ) အပိုဒ် ၇ အပိုဒ်ခွဲ(ဆ)နှင့်(ဇ)တို့ရှိ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး ဆိုသည့်စကားရပ်ကို သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာဟု ပြင်ဆင်ပါသည်။

(လ) အပိုဒ် ၇ အပိုဒ်ခွဲ(ဈ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဈ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အမျိုးသားအဆင့်ဥယျာဉ်၊ ပြတိုက်နှင့် စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊ သိပ္ပံ၊ နည်းပညာရပ်ဆိုင်ရာသတင်းအချက်အလက်များ စုဆောင်းထားရှိခြင်း၊ ဖြန့်ဝေအသိပေးခြင်းဆောင်ရွက်ရာတွင် ပံ့ပိုးပေးခြင်း၊ ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(ဝ) အပိုဒ် ၇ အပိုဒ်ခွဲ(ဋ)(ဌ)နှင့်(ဏ) တို့ရှိ ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး ဆိုသည့်စကားရပ်ကို ဆန်းသစ်တီထွင်မှုဆိုင်ရာဟုပြင်ဆင်၍ အပိုဒ်ခွဲ(ပ)ရှိ ဆန်းသစ်တီထွင်မှုဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သုတေသနစီမံကိန်းများအတွက် ဆိုသည့်စကားရပ်ကို ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနစီမံကိန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ဟုလည်းကောင်း၊ တာဝန်ခံဝန်ကြီးဌာနသို့အကြောင်းကြားခြင်း ဆိုသည့်စကားရပ်ကို ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(သ) အခန်း(၅) ခေါင်းစဉ်ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(ဟ) အခန်း(၅) အပိုဒ် ၈ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၈။ ကောင်စီသည် ကော်မတီများကို ဖွဲ့စည်းရမည်။

(ဠ) အပိုဒ် ၉ အပိုဒ်ခွဲ(င)ရှိ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆိုသည့်စကားရပ်ကို သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဟုပြင်ဆင်ပါသည်။

(အ) အခန်း(၇) အပိုဒ် ၁၂ အပိုဒ်ခွဲ(ခ)ရှိ အဆင့်မီဓာတ်ခွဲစမ်းသပ်ခြင်း လုပ်ငန်းများ ဆိုသည့်စကားရပ်ကို အဆင့်မီဓာတ်ခွဲစမ်းသပ်မှုလုပ်ငန်းများ ဟုပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၂ အပိုဒ်ခွဲ(ဃ)ကို ဓာတုနည်းပညာ၊ နာနိုနည်းပညာနှင့် အခြားသော နည်းပညာများကိုအသုံးချ၍ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၂ အပိုဒ်ခွဲ(စ)နှင့်(ဆ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသုတေသန လုပ်ငန်းများ၊ လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဆ) ပြည်တွင်းစက်မှုလုပ်ငန်းများတွင် တွေ့ကြုံရသော ကုန်ထုတ်လုပ်မှုနည်းပညာ အခက်အခဲနှင့် ပြဿနာများကို ကူညီဖြေရှင်းပေးနိုင်ရန် ဆန်းသစ်တီထွင်မှု ဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊

( - ) အပိုဒ် ၁၂ အပိုဒ်ခွဲ(ည)ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

( - ) အပိုဒ် ၁၂ အပိုဒ်ခွဲ(ဌ)ရှိ လူကိုမထိခိုက်စေသောနည်းပညာအသုံးပြုသည့် ဆိုသည့် စကားရပ်ကို လူကိုမထိခိုက်စေသောနည်းပညာဖြစ်သည့် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၂ အပိုဒ်ခွဲ(ပ)နှင့်(ဏ) တို့ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်းထားရှိပါသည်။

( - ) အပိုဒ် ၁၂ အပိုဒ်ခွဲ(တ)ရှိ တာဝန်ခံဝန်ကြီးဌာနကပေးအပ်သော ဆိုသည့်စကားရပ်ကို ဝန်ကြီးဌာနကပေးအပ်သော ဟု ပြင်ဆင်ပါသည်။

( - ) အခန်း (၈) ခေါင်းစဉ်ကို ဘဏ္ဍာငွေသုံးစွဲခြင်း၊ ရန်ပုံငွေထူထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၃ ခြေဆင်းကို အပိုဒ် ၁၃ အဖြစ်လည်းကောင်း၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(က)(ခ)(ဂ) နှင့်(ဃ) တို့ကို အပိုဒ် ၁၄(က) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၃။ ကောင်စီသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေက ခွင့်ပြုထားသော သုတေသန လုပ်ငန်းဆိုင်ရာ အသုံးစရိတ်များကို ဝန်ကြီးဌာနမှတစ်ဆင့်ရယူရမည်။

၁၄။ ကောင်စီသည် -

(က) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာရန်ပုံငွေကို အောက်ပါ ရငွေများဖြင့် ထူထောင်ထားရှိရမည် -

(၁) ပြည်တွင်းပြည်ပရှိအဖွဲ့အစည်းများနှင့် စေတနာရှင်များ၏လှူဒါန်း ထောက်ပံ့ငွေများ၊

(၂) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်း များမှ ရရှိသည့်ငွေကြေးများ၊

(၃) ရန်ပုံငွေမှ တရားဝင်တိုးပွားမှုများ။

( - ) အပိုဒ် ၁၄ အပိုဒ်ခွဲ(က)(ခ)နှင့်(ဂ)တို့ကို အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ)(ဂ)နှင့်(ဃ)တို့အဖြစ် ပြင်ဆင်ပြီး အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်းထားရှိပါသည်။

( - ) အပိုဒ် ၁၅ ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၅။ ကောင်စီသည် နိုင်ငံတော်၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက် လျက်ရှိသော ဝန်ကြီးဌာနများ၏ဦးစီးဌာနများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများ၊ ပုဂ္ဂလိကစက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားသုတေသန အဖွဲ့အစည်းများ ၏ အောက်ဖော်ပြပါ လုပ်ငန်းကိစ္စအမျိုးအစားအလိုက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ် တီထွင်မှုဆိုင်ရာရန်ပုံငွေမှ သင့်လျော်သလိုထောက်ပံ့နိုင်သည်-

( - ) အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ)ကို ဆန်းသစ်တီထွင်မှုဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၅ အပိုဒ်ခွဲ(င)နှင့်(စ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) ပြည်တွင်း၊ ပြည်ပသုတေသန ပညာတော်သင်ဆု ချီးမြှင့်ခြင်းများ၊

(စ) နိုင်ငံတကာအဆင့်နှင့် အမျိုးသားအဆင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင် မှုဆိုင်ရာအစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများ၊ သင်တန်း များတက်ရောက်ခြင်းနှင့် ကျင်းပခြင်းဆိုင်ရာကိစ္စများ။

( - ) အခန်း(၉) အပိုဒ် ၁၇ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၇။ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဌာနများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများ၏ အောင်မြင်သောသုတေသနရလဒ်များ၊ အသိပညာများနှင့် ဆန်းသစ်တီထွင် မှုဆိုင်ရာနည်းပညာများကို လွှဲပြောင်းနိုင်သည်။

( - ) အပိုဒ် ၂၄ အပိုဒ်ခွဲ(က)ကို ပုဒ်မ ၂၃ အရမှတ်ပုံတင်ရန် လျှောက်ထားချက်ကိုစိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၅ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၅။ မှတ်ပုံတင်ရန် လျှောက်ထားချက်အပေါ်ပုဒ်မ ၂၄၊ ပုဒ်မခွဲ(က)အရ ငြင်းပယ် ကြောင်း မှတ်ပုံတင်အရာရှိ၏ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ထိုသို့ဆုံးဖြတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

( - ) အပိုဒ် ၂၆ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၆။ ဝန်ကြီးဌာနသည် ပုဒ်မ ၂၅ အရ အယူခံမှုကိုစိစစ်ပြီး မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

( - ) အပိုဒ် ၂၇ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၇။ နည်းပညာ လွှဲပြောင်းခြင်းဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ကို မှတ်ပုံတင်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဤဥပဒေအရ ကောင်စီ၊ ဝန်ကြီး ဌာနနှင့် ဦးစီးဌာနတို့၏ပူးပေါင်းဆောင်ရွက်ခွင့်နှင့် အထောက်အပံ့အကူအညီ ရယူခွင့် ရှိသည်။

( - ) အပိုဒ် ၂၈ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၈။ ဤဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ထားသော နည်းပညာလွှဲပြောင်း ခြင်းဆိုင်ရာ နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်သည် တရားဝင်အတည်ဖြစ်သည်။

( - ) အခန်း (၁၀) အပိုဒ် ၃၀ အပိုဒ်ခွဲ (က) ရှိ စည်းမျဉ်းများနှင့် စည်းကမ်းများကို ဆိုသည့် စကားရပ်ကို စည်းမျဉ်းနှင့်စည်းကမ်းများကို ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)ရှိ တာဝန်ခံ ဝန်ကြီးဌာနနှင့် ဆိုသည့်စကားရပ်ကို ဝန်ကြီးဌာနနှင့် ဟုလည်းကောင်း ပြင်ဆင်ပါ သည်။

၄။ သို့ဖြစ်ပါ၍ သိပ္ပံ၊နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဥပဒေကြမ်းကို လွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၉-၂-၂၀၁၈ ရက် (တနင်္လာနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည် စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် (တနင်္လာနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီး ဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

မှုကြမ်း

**အချိန်၊ ၁၁း၀၇။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၁း၀၇ နာရီအချိန်တွင် ရပ်နားပါသည်။]

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့
(၁၅.၂.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
ပုဂ္ဂိုလ်များ




Maj Genl Aung Soe U Thein Tun




Maj Genl Aung Soe U Bo Gyi




Maj Genl Aung Soe Daw Myint Myint Soe




Maj Genl Aung Soe Daw San San Ei




Maj Genl Aung Soe Dr Myint Thein

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်